မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၁၈ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၆၉)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊

စာမျက်နှာ ၃ ကော်လံ ၄ ◆

18-3 (01).pmd 1 3/18/2011, 2:17 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၁၈ ရက်)

ရောဂါများမဖြစ်ပွားရေး ကြိုတင်ကာကွယ်မှုဖြင့် ဂရုပြုနေထိုင်

မျက်မှောက်ကာလတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်အတူ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လျက်ရှိသည်။ နိုင်ငံအချို့၌ မီးတောင်ပေါက်ကွဲခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ တောမီးလောင်ခြင်း၊ မြေပြိုကျခြင်း စသည့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နေကြရသည်။

ရာသီဥတုများပြောင်းလဲမှုနှင့်အတူ အထူးဂရုစိုက်ကြရမည်မှာ ပြည်သူတို့၏ကျန်းမာရေးဖြစ်ပြီး ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများမဖြစ်ပွားရေး ကြိုတင်ကာကွယ်ကြရမည် ဖြစ်သည်။

ယခုအခါ ချိန်ခါမဟုတ်မိုးရွာသွန်းခြင်း၊ အပူချိန်လွန်ကဲခြင်းတို့ကြောင့် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ စသည်တို့ ဖြစ်ပွားနိုင်သည်။

ခြင်ပေါက်ပွားမှုကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနိုင်သဖြင့် ရေတွင်း၊ ရေအိုင်၊ ရေစည်၊ ရေအိုးများတွင် ပေါက်ပွားသောခြင်မရှိရန်နှင့် ခြင်အကိုက်ခံရသူမှတစ်ဆင့် ရောဂါကူးစက်ပြန့်ပွားခြင်းမရှိရန် ခြင်နှိမ်နင်းခြင်းလုပ်ငန်းကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ ခြင်နှင့်ယင်သည် ကူးစက်ရောဂါအများဆုံး ဖြစ်နိုင်သဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ဝမ်းပျက် ဝမ်းလျှောရောဂါသည် ရာသီမရွေး၊ နေရာဒေသမရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော ကူးစက်ရောဂါဖြစ်သည်။ အထူးသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သောက်သုံးရေညစ်ညမ်းမှုများကြောင့် ပိုမိုဖြစ်ပွားနိုင်သည်။ မသန့်ရှင်းသောအစားအစာနှင့် ရေမှလည်းကောင်း၊ မသန့်ရှင်းသောလက်မှလည်းကောင်း၊ ယင်ကောင်မှလည်းကောင်း ရောဂါကူးစက်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ရာသီဥတုကိုအကြောင်းပြု၍ ဖြစ်ပွားတတ်သော ရောဂါများမဖြစ်ပွားရေးအတွက် ကြိုတင် ကာကွယ်မှုများအဖြစ် တိုင်းရင်းသားပြည်သူများသည် ပတ်ဝန်းကျင်သန့်ရှင်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှုရှိရေး ဂရုပြု နေထိုင်ကြရမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ရာသီအလိုက် ထုတ်ပြန်ထားသော ကျန်းမာရေး သတိပေးနှိုးဆော်ချက်များကို အလေးထား လိုက်နာကြရန်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေးဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

နေပြည်တော် မတ် ၁၇

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ မီးစက်နှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို မတ် ၄ရက် နံနက် ၁၀ နာရီက ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မန္တလေးမြို့နေ ဒေါ်နန်းစံခမ်းနှင့် ဒေါ်နန်းစံဟွမ် (ကုံးထက်ရေခဲမုန့်နှင့် ကြက်ဆီထမင်း) မိသားစုတို့က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားကြပြီး မီးစက်၊ ECG စက် လေးလုံး၊ အောက်ဆီဂျင်စက် လေးလုံး၊ အသက်ရှူစက် တစ်လုံး၊ ခုတင် လေးလုံး၊ စတီးကျောမှီ အလုံး ၂၀၊ နလုံးဝေဒနာသည်သုံး စားပွဲလေးလုံး၊ ချွဲစုပ်စက် လေးလုံး၊ ချွဲကျေစက် ငါးလုံး၊ လူနာတင်လှည်း သုံးစီး၊ လူနာတင် ကုလားထိုင် နှစ်လုံး၊ လူနာမော်နီတာ နှစ်လုံး စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၂၀၀ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်ဝင်းနှင့် ဆရာဝန်ကြီးများက လက်ခံခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

(၆၆)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု မြစ်သားမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

မြစ်သား မတ် ၁၇

(၆၆)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သော စံပြရွှေသူဌေးရပ်ကွက် (၈)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းထိပ်မုခ်ဦး၌ မတ် ၁၄ ရက် နံနက် ၈ နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါ စံပြရွှေသူဌေးရပ်ကွက် (၈)လမ်း ကတ္တရာလမ်းမှာ အကျယ် ၁၂ပေ၊ အရှည် ၈၆၅ပေရှိပြီး ကတ္တရာလမ်းသစ်ခင်းခြင်းအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၇၃ ဒသမ ၈ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမျိုးကြည်နှင့်အဖွဲ့ စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်တိုင်ရေတွန်းစက်ရုံရှိ စက်များကြံ့ခိုင်မှုကို မတ် ၉ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်နုနှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



ပြင်စလူမြို့၌ လိပ်သားပေါက်များလွှတ်ပေး

ပြင်စလူ မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြင်စလူမြို့ ငါးလုပ်ငန်းဦးစီးဌာနမှ ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ရက်က ကမ်းတက်ဥချခဲ့သော လိပ်ဥအလုံးရေ ၁၃၀မှ မတ် ၃ ရက် ညနေတွင် လိပ်သားပေါက် ၁၁၉ ကောင်ပေါက်ခဲ့သဖြင့် အဆိုပါလိပ်သားပေါက်များအား ပင်လယ်ပြင်သို့ စုပေါင်းလွှတ်ပွဲကို မတ် ၄ ရက် နံနက် ၁၀ နာရီက ထန်းပင်ကုန်းကျေးရွာ ခါးပြတ်သောင်တွင် ကျင်းပရာ ပြင်စလူရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်ရန်နိုင်ဦး၊ ပြင်စလူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းအောင်နှင့် ဝန်ထမ်းများ၊ ရေလုပ်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းအောင်က ပင်လယ်ပြင် ဂေဟစနစ်တွင် အရေးပါပြီး မျိုးသုဉ်းလုနီးပါး ဖြစ်နေသောရှားပါး ပင်လယ်လိပ်များအား ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရေးအတွက် ပညာပေးဆွေးနွေးခဲ့ပြီး ထန်းပင်ကုန်းကျေးရွာခါးပြတ်သောင်မှ လိပ်သားပေါက်ကောင်ရေ ၁၁၉ ကောင်ကို ပင်လယ်ပြင်သို့လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ဝဲပုံ) (မြို့နယ်ပြန်/ဆက်)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်း ဥက္ကဋ္ဌ ဦးရဲရင့်ဝင်းက " ICT for Accountants " ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို မတ် ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်သည်။ ဟောပြောပွဲတက်ရောက်ရန်အတွက် မတ် ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၊ ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည် ဖြစ်ကာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများနှင့် နယ်မှလာရောက်ရသူများ အနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည် မဟုတ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ရေစင်တည်ဆောက်

ငါန်းဇွန် မတ် ၁၇

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် မြို့သာရေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် အမြင့်တင် ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းကို ခေတ္တအမှုဆောင်အရာရှိ ဦးစိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝင်းထွန်း ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

18-3 (02).pmd 1 3/18/2011, 2:17 AM

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သာသနာနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တောင်ငူမြို့ မြစည်းခုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသထံ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက အခမ်းအနားကို ''နမောတဿ'' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

သီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။ *စာမျက်နှာ ၄ ကော်လံ ၁ သို့*

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မွန်ပြည်နယ် သထုံမြို့နယ် လယ်ဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသိရိန္ဒထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

တိပိဋကဓရ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု(ဘွဲ့ခံ) မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် သာသနာနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒသာမိထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသောပရိသတ်များ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က မေတ္တသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

လှူဒါန်း

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သာသနာနုဂ္ဂဟကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တောင်ငူမြို့ မြစည်းခုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသထံ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဘွဲ့ခံသီလရှင်ဆရာကြီးများထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မွန်ပြည်နယ် သထုံမြို့နယ် လယ်ဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသိရိန္ဒထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်

ထို့နောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု (ဘွဲ့ခံ) မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု(ဘွဲ့ခံ) မန္တလေးမဟာဝိဇိတာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ အဖွဲ့ဝင်များနှင့် ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

အဘိဓဇမဟာရဋ္ဌဂုရု(ဘွဲ့ခံ) မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းအောင်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

စာမျက်နှာ ၄ မှ

ထို့နောက် အခမ်းအနားကို ''ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု'' သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဘွဲ့ခံသီလရှင်ဆရာကြီးများထံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၂ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် (အဖိတ်နေ့)
၁၈-၃-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀	၅။ သံသာချို့အေးမင်္ဂလာတေး
၈:၀၀	၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၀	၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၂၅	၈။ (၆၆)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၈:၄၀	၉။ International News
၈:၄၅	၁၀။ တေးဂီတအစီအစဉ်
၉:၀၀	၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅	၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၁၀	၃။ တေးဂီတအစီအစဉ်
၄:၂၀	၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
၄:၃၅	၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
၄:၅၅	၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၇။ နှောင်းခေတ်တေးပဒေသာ
၅:၁၀	၈။ မြန်မာစာ၊မြန်မာစကား
၅:၂၅	၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၅:၃၅	၁၀။ **ရိုးသားဖြူစင်ကလေးတို့အသွင်**
၆:၀၀	၁၁။ ညနေခင်းသတင်း
၆:၁၅	၁၂။ မိုးလေဝသအခြေအနေ
၆:၂၀	၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇:၀၀	၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နှယ်နိမိတ်** (ဒုတိယတွဲ)(အပိုင်း-၁၈)
၈:၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ ခါနွေဆန်းစ တပေါင်းလ
	၁၉။ သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ၏ နွေဦးဆောင်းနှောင်းလတပေါင်း (အပိုင်း-၁)

တင်းနစ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာတင်းနစ်အားကစားအဖွဲ့ ထွက်ခွာ

ရန်ကုန် မတ် ၁၇

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ မတ် ၂၁ ရက်မှ ဧပြီ ၄ ရက်အထိ ကျင်းပမည့် ITF 14 & Under Asian Championships 2011 Group(I) တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ အဖွဲ့ဝင်နှစ်ဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာလူငယ် တင်းနစ်အဖွဲ့ကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ဒေါ်ကြည်မေနုက အုပ်ချုပ်သူအဖြစ် လိုက်ပါဆောင်ရွက်ပြီး မြန်မာလူငယ်တင်းနစ် အမျိုးသမီး လက်ရွေးစင် မနီလာဝင်း လိုက်ပါသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးတင်ထူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ITF 14 & Under Asian Championships 2011 Group(I) တင်းနစ်ပြိုင်ပွဲမကျင်းပမီ မတ် ၁၇ ရက်မှ ၂၀ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ Group(II) ၊ Group (III) နှင့် Group(IV) တို့မှ ရွေးချယ်ထားသော လူငယ်တင်းနစ်လက်ရွေးစင်များသည် ITF မှ ရွေးချယ်ထားသော နည်းပြများနှင့် လေ့ကျင့်မှုများ ပြုလုပ်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘွဲ့တံဆိပ်တော် ခီပွာယ်ဖော်

ရတနာစည်ဆရာတော် (လှိုင်လင်)

ဗုဒ္ဓခေတ် ဘွဲ့ထူးများ

မြတ်ဗုဒ္ဓသည် အနာဂတ်သာသနာတော်အရေး အရှည်မြော်တွေးတော်မူလျက် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာဟူသော ပရိသတ်(၄)မျိုးအနက် သာသနာအကျိုး ထူးချွန်စွာဆောင်ရွက်နိုင်စွမ်းရှိသော ပုဂ္ဂိုလ်တို့အား အရာအလျောက် ဧတဒဂ်ဘွဲ့ထူးကို ကိုယ်တော်တိုင် ချီးမြှင့်တော်မူခဲ့ပါသည်။

ဘိက္ခုတို့တွင် ပညာအရာ၌ အထူးချွန်ဆုံး အရှင်သာရိပုတြာအား ပညာဧတဒဂ်ဘွဲ့ထူး၊ ဘိက္ခုနီတို့တွင် ပညာအရာ၌ အထူးချွန်ဆုံး အရှင်မ ခေမာထေရီအား ပညာဧတဒဂ်ဘွဲ့ထူး၊ ဥပါသကာတို့တွင် ဒါနအရာ၌ အသာလွန်ဆုံး အနာထပိဏ်သူဌေးကြီးအား ဒါယကာဧတဒဂ်ဘွဲ့ထူး၊ ဥပါသိကာတို့တွင် ဒါနအရာ၌ အသာလွန်ဆုံး ဝိသာခါသူဌေးမကြီးအား ဒါယိကာဧတဒဂ်ဘွဲ့ထူးစသည်ဖြင့် ဘိက္ခုပေါင်း(၄၃)ပါး၊ ဘိက္ခုနီပေါင်း (၁၃)ပါး၊ ဥပါသကာ(၁၀)ဦးနှင့် ဥပါသိကာ(၁၀)ဦးတို့အား မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဧတဒဂ်ဘွဲ့ထူးကို ချီးမြှင့်တော်မူကြောင်း အင်္ဂုတ္တရပါဠိတော်၌ မော်ကွန်းတင်ထားခဲ့ပါသည်။

သာသနာ့သမိုင်း ဘွဲ့ထူးများ

နှောင်းကာလ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်ပြီးနောက် သာသနာတော်ပြန့်ပွားရာ သီရိလင်္ကာနိုင်ငံ၌ နိုင်ငံ့ဥသျှောင်ဘုရင်မင်းများက သာသနာအကျိုးကို ထူးချွန်စွာ ဆောင်ရွက်နိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်တို့အား သံဃရာဇာဘွဲ့ထူး၊ သံဃဂုရုဘွဲ့ထူး၊ ကဝိ စက္ကဝတ္တိဘွဲ့ထူးစသည့် ဘွဲ့ထူးများကို ဆက်ကပ်ချီးမြှင့်ခဲ့ကြပါသည်။

မြန်မာ့သမိုင်း ဘွဲ့တံဆိပ်တော်များ

မြန်မာ့သမိုင်း၌ ပုဂံခေတ်မှသည် ရတနာပုံခေတ်တိုင်အောင် ခေတ်အဆက်ဆက် နိုင်ငံ့သရဖူဘုရင်မင်းများက ရဟန်းပညာရှိ၊ လူပညာရှိတို့အား ဆက်ကပ်ချီးမြှင့်ခဲ့သည် ဘွဲ့တံဆိပ်တော်များမှာ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်၊ သီရိမဟာစတုရင်္ဂဗလဘွဲ့တံဆိပ်စသည်ဖြင့် အမျိုးအစားပေါင်း (၁၀)မျိုးကျော် ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

နယ်ချဲ့ခေတ်ဘွဲ့တံဆိပ်တော်

နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝတွင်မူ အမျိုး၊ ဘာသာ၊ သာသနာ အရာရာအားလုံး ပျက်သုဉ်းခဲ့ရသည့် ''သုညခေတ်'' ဖြစ်သည်နှင့်လျော်ညီစွာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်အများအပြား ပယ်ဖြတ်ခံဘဝရောက်ခဲ့ရပြီး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် တစ်ခုတည်းကိုသာ ခရစ် ၁၉၁၂(ကောဇာ ၁၂၇၃)ခုနှစ်တွင် လယ်တီဆရာတော်အားလည်းကောင်း၊ ခရစ် ၁၉၁၇ (ကောဇာ ၁၂၇၈)ခုနှစ်တွင် မန်လည်ဆရာတော်အားလည်းကောင်း ဆက်ကပ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

လွတ်လပ်ရေးခေတ်ဘွဲ့တံဆိပ်တော်များ

ထိုမှ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရလာပြီးသောအခါ အဆက်ဆက်သော နိုင်ငံတော် အစိုးရမင်းများက ယခင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့်အတူ အဘိဓဇမဟာရဋ္ဌဂုရုဟူသော ဘွဲ့တံဆိပ်တော်တစ်ခုတိုး၍ ဘွဲ့တံဆိပ်တော်နှစ်မျိုးကို ရဟန်းပညာရှိ ဆရာတော်ကြီးများအား ဆက်ကပ်ပူဇော်ခဲ့ကြပါသည်။

ယနေ့တပ်မတော်အစိုးရခေတ် ဘွဲ့တံဆိပ်တော်များ

ယနေ့ တပ်မတော်အစိုးရခေတ်ဟု ဆိုရမည့် ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ တပ်မတော်အစိုးရသည် ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေထက်လင်းပါစိမ့်သောငှာ မြော်မြင်လျက် ဘွဲ့တံဆိပ်တော်အသစ်အမျိုးပေါင်း (၂၀)ကို အသစ်တီထွင်ပြဋ္ဌာန်း၍ ယခင်ရှိပြီး ဘွဲ့တံဆိပ်တော်နှစ်မျိုးနှင့်အတူ စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် (၂၂)မျိုးဖြင့် သာသနာတော်အား ချီးမြှောက်လျက်ရှိနေပါသည်။

နေလသဖွယ်ထင်ရှားတော်မူကြသည့် ပြည်တွင်းပြည်ပဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလျက်ရှိပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် ဝိသေသဂုဏ်ရည်ဖြင့် လဲ့လဲ့ကြည် လင်းလက်နေသော ယင်းသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၏ အဓိပ္ပာယ်ကိုကျနစွာ သိရှိလို ကြည်ညိုလိုကြသည့် သာသနမာမက၊ သာသနသုတေသီများအတွက် ဤဆောင်းပါးဖြင့် အဓိပ္ပာယ်အကျဉ်းချုပ် အနှစ်ထုတ်အပ်ပါသည်။

ဘွဲ့တံဆိပ်တော်အသစ်(၂၀)

၁။	ဓမ္မဒေသကဆိုင်ရာ ဘွဲ့တံဆိပ်တော်	၂-မျိုး
၂။	ပရိယတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တော်	၃-မျိုး
၃။	ပဋိပတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တော်	၃-မျိုး
၄။	သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်	၄-မျိုး

ဖော်ပြပါ ဘွဲ့တံဆိပ်တော်(၁၂)မျိုးကို ဆရာတော်များ၊ သီလရှင်ဆရာကြီးများနှင့် သာသနာပြုလူပုဂ္ဂိုလ်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းပါသည်။

ယင်းအပြင် ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် သဒ္ဓါအင်အားထက်သန်စွာ ထူးထူးခြားခြား ထောက်ပံ့လှူဒါန်းနေကြသော ဥပါသကာ(ဒါယကာ)များအား ဘွဲ့တံဆိပ်လေးမျိုးနှင့် ဥပါသိကာ(ဒါယိကာမ)များအား ဘွဲ့တံဆိပ်လေးမျိုးကို ချီးမြှင့်အပ်နှင်းပါသည်။

စုစုပေါင်း တပ်မတော်အစိုးရခေတ် ဘွဲ့တံဆိပ်တော်အမျိုးအစားအသစ် (၂၀)ဖြစ်ပါသည်။

ဓမ္မဒေသကဆိုင်ရာ ဘွဲ့တံဆိပ်တော်(၂)မျိုး

၁။ မဟာ+ဓမ္မကထိက+ဗဟုဇန+ဟိတ+ဓရ။
ကျယ်ကျယ်ပြန့်ပြန့်+တရားဟောပြောလျက်+လူအများ၏+အကျိုးစီးပွားကို+ဆောင်ရွက်သောပုဂ္ဂိုလ်
၂။ ဓမ္မကထိက+ ဗဟုဇန+ ဟိတ+ဓရ။
(အဓိပ္ပာယ်ပေါ်လွင်ပြီ။)

ပရိယတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တော်(၃)မျိုး

၁။ အဂ္ဂ+မဟာ+ဂန္ထဝါစက+ပဏ္ဍိတ။
ထက်ထက်မြက်မြက်+ကျယ်ကျယ်ပြန့်ပြန့်+ကျမ်းဂန်စာပေပို့ချသော+ပညာရှိ။
၂။ မဟာ+ဂန္ထဝါစက+ပဏ္ဍိတ။
၃။ ဂန္ထဝါစက+ပဏ္ဍိတ။

ပဋိပတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တော် (၃)မျိုး

၁။ အဂ္ဂ + မဟာ + ကမ္မဋ္ဌာနာစရိယ
ထက်ထက်မြက်မြက် + ကျယ်ကျယ်ပြန့်ပြန့် + ကမ္မဋ္ဌာန်းပြဆရာ။
၂။ မဟာ + ကမ္မဋ္ဌာနာစရိယ။
၃။ ကမ္မဋ္ဌာနာစရိယ။

သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော် (၄)မျိုး

၁။ အဘိဓဇ + အဂ္ဂ + မဟာ + သဒ္ဓမ္မ + ဇောတိက။
အောင်လံထူးသဖွယ် + ထက်မြက်+ကျယ်ပြန့်စွာဖြင့်+သူတော်ကောင်းတရားကို + ထွန်းတောက်စေသောပုဂ္ဂိုလ်။
၂။ အဂ္ဂ + မဟာ + သဒ္ဓမ္မ + ဇောတိက + ဓဇ ။
ထက်ထက်မြက်မြက် + ကျယ်ကျယ်ပြန့်ပြန့် + သူတော်ကောင်းတရားကို + ထွန်းတောက်စေသည့် + အောင်လံတော်။
၃။ မဟာ + သဒ္ဓမ္မ + ဇောတိက + ဓဇ ။
၄။ သဒ္ဓမ္မ + ဇောတိက + ဓဇ ။

ဥပါသကာ ဘွဲ့တံဆိပ် (၄)မျိုး။

၁။ အဂ္ဂ + မဟာ + သီရိ + သုဓမ္မ + မဏိဇောတ + ဓရ ။
ထက်မြက်+ကျယ်ပြန့်+အသရေတင့်+သူတော်ကောင်းတရား+ပတ္တမြားရတနာ + ဆောင်ထားသူ
(အသရေတင့်သည့်သူတော်ကောင်းတရားတည်းဟူသော ပတ္တမြားရတနာကို ထက်မြက်စွာ ကျယ်ပြန့်စွာဆောင်ထားနိုင်စွမ်းရှိသောပုဂ္ဂိုလ်။)
၂။ သီရိ + သုဓမ္မ + မဏိဇောတ + ဓရ ။
၃။ သီဟ + သုဓမ္မ + မဏိဇောတ + ဓရ ။
(သီဟသည် တစ်ပုဒ်တည်းဖြစ်လျှင် ခြင်္သေ့၊ သမာသ်ပုဒ်ဖြစ်လျှင် အမြတ်ဟု အဓိပ္ပာယ်ရသောကြောင့် ယခု သီဟသုဓမ္မသည် သမာသ်ပုဒ်ဖြစ်၍ မြင့်မြတ်သော သူတော်ကောင်းတရားဟု အဓိပ္ပာယ်ရပါသည်)
၄။ သုဓမ္မ + မဏိဇောတ + ဓရ ။

ဥပါသိကာ ဘွဲ့တံဆိပ် (၄)မျိုး

၁။ အဂ္ဂ + မဟာ + သီရိ + သုဓမ္မ + သိင်္ဂီ။
(သိင်္ဂီ = ရွှေ = ရွှေရတနာရှင်။)
၂။ သီရိ + သုဓမ္မ + သိင်္ဂီ။
၃။ သီဟ + သုဓမ္မ + သိင်္ဂီ။
၄။ သုဓမ္မ + သိင်္ဂီ။

ယခင် ဘွဲ့တံဆိပ်တော် (၂)မျိုး

၁။ အဘိဓဇ + မဟာရဋ္ဌ + ဂုရု
အောင်လံထူးသဖွယ် + နိုင်ငံတော်၏ + ဆရာမြတ်။
၂။ အဂ္ဂ + မဟာ + ပဏ္ဍိတ။
ထက်မြက်စွာ + ကျယ်ပြန့်စွာ + (စွမ်းဆောင်နိုင်သော) ပညာရှိ။

ဖော်ပြပါအတိုင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်အသစ်(၂၀)နှင့် ယခင်ရှိပြီး ဘွဲ့တံဆိပ်တော် (၂)မျိုး အပါအဝင် စုစုပေါင်းဘွဲ့တံဆိပ်တော် (၂၂)မျိုးတို့က ယနေ့ တပ်မတော်အစိုးရ၏ သာသနာအပေါ် ထားရှိအပ်သော စေတနာကို အစဉ်မပြတ် ထင်ဟပ်ဖော်ကျူးနေပေတော့သည်။

သို့ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်တို့၏ လာရာ နိုင်ငံတော်အစိုးရ၊ လားရာဆရာတော်ကြီးများ၊ သီလရှင်ကြီးများ၊ ဥပါသကာနှင့် ဥပါသိကာများအပြင် ဘွဲ့တံဆိပ်တော်ကွန်ရက်ဖြန့်ကြက်ရာ နိုင်ငံသူ၊ နိုင်ငံသားများပါ သဒ္ဓါပညာ ယှဉ်တွဲကာဖြင့် သာသနာအလင်း ကမ္ဘာ့ထွန်းအောင် အားတင်းမာန်ထား လုံ့လပွားကြိုးစားနေကြမည်သာ ဖြစ်ပါသတည်း။

မန္တလေးမြို့ ဈေးရောင်းပွဲတော်ဖွင့်ပွဲ တိုင်းမှူး ပိုလ်မှူးချုပ်ရဲအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၇

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် မတ် ၁၀ ရက်က နန်းမြို့တွင်းရှိ နယ်မြေခံတပ် သင်တန်းကျောင်းသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းမှူးသည် မတ် ၁၁ ရက်က မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော မန္တလေးတိုင်းဒေသကြီး မြန်မာ့စားသောက်ကုန်ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ခင်းကျင်းရောင်းချနေသည့် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးမည်

ရန်ကုန် မတ် ၁၇

မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)၏ (၇)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနဓမ္မာရုံ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်းတွင် ကျင်းပမည်ဖြစ်ရာ အသက် ၈၀ နှင့် အသက် ၈၀ပြည့်ပြီးသူ အသင်းဝင်နှင့် ဇနီး၊ ခင်ပွန်းနှင့် နှစ်ဖက်မိဘများ၊ ပညာရည်ချွန်ဆုယူမည့်သူများ ကိုယ်တိုင် တက်ရောက်ကြပြီး အလုပ်အမှုဆောင်အဖွဲ့အားလုံး၊ ဆုပေးမည့် စေတနာရှင် အသင်းဝင်အားလုံးနှင့် မြို့သစ်မြို့၌ နေထိုင်သူများအားလုံး၊ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ဝင်း ဖုန်း-၆၉၅၆၄၂၊ အလုပ်အမှုဆောင်များဖြစ်ကြသော ဦးသာအောင် ဖုန်း-၆၄၁၆၇၉၊ ဦးတင်အောင် ဖုန်း-၅၆၁၇၇၁၊ ဦးမောင်လှ ဖုန်း-၅၃၇၃၅၄၊ ဦးမောင်ငြိမ်း ဖုန်း-၇၃၀-၄၀၀၄၉ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြို့နယ်အသင်း)**

နွေရာသီ ရွက်လှေ သင်တန်းသရုပ်ပြ

၂၀၁၁ခုနှစ် နွေရာသီရွက်လှေ သင်တန်းများ၊ OP Sailor ဆရာများ ပူးပေါင်းပါဝင်သည့် OP လှေအစင်း ၁၃၀ကျော်ဖြင့် သရုပ်ပြပွဲကို ရန်ကုန်မြို့ရှိ အင်းလျားကန် ရန်ကုန်ရွက်လှေအသင်း၌ မတ် ၁၃ ရက်က ကျင်းပစဉ်။

(ရွက်လှေအဖွဲ့ချုပ်)

ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲ တာမွေ၌ ကျင်းပ

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဝင်များနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို မတ် ၁၂ ရက် နံနက် ၉ နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက မြို့နယ် ကော်မရှင် အဖွဲ့ခွဲဝင်များ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကိုအဖွဲ့ခွဲဝင်များကိုယ်စား ဒေါ်စန်းစန်းအား ပေးအပ်သည်။

(အပေါ်ပုံ)

ပေးအပ်

ဆက်လက်၍ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဝင်များနှင့် မဲရုံအဖွဲ့ဝင်များအား မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၄၄)

ပုသိမ်မြို့၌ ဈေးသည်နှစ်ဦး ဓာတ်လိုက်သေဆုံး

ပုသိမ် မတ် ၁၇

ပုသိမ်မြို့ အမှတ်(၆) ရပ်ကွက် ဈေးဟောင်းလမ်းထိပ်၌ နေ့စဉ်နံနက်တိုင်း မုန့်ဟင်းခါးရောင်းချနေသော ပုသိမ်မြို့ ရွာသစ်ကျေးရွာနေ မအေးမြင့်သန်း ၃၅နှစ်(အဘ ဦးလှမြင့်)နှင့်အမှတ်(၆)ရပ်ကွက် အောင်ချမ်းသာ ၂ လမ်းနေ မစန္ဒာထွန်း ၂၂နှစ်(အဘဦးမြင့်ဆွေ)တို့သည် ယမန်နေ့ နံနက် ၅ နာရီခွဲက မုန့်ဟင်းခါးခေါက်ဆွဲရောင်းချရန် လမ်းဘေးဆိုင်ဈေးခုံများပြင်ဆင်ရာ၌ ဓာတ်တိုင်မှ ပြတ်ကျနေသော ဓာတ်ကြိုးကို ဖယ်ရှားလိုက်ရာ နှစ်ဦးသား ဓာတ်လိုက်ပြီး အခင်းနေရာ၌ပင် ပွဲချင်းပြီးသေဆုံးသွားကြောင်း သိရသည်။

ပုသိမ်မြို့တွင် မတ် ၁၆ ရက်အထိ လေပြင်းတိုက်ပြီး အခါမဲ့မိုးရွာနေခြင်းကြောင့် ဓာတ်ကြိုးပြတ်ကျခဲ့ခြင်းဖြစ်ရာ ဓာတ်ကြိုးကို အမှတ်တမဲ့ဖယ်လိုက်ရာမှ ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသည်။ (၀၇၇)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၇

မြန်မာပို့စ်ဂျာနယ် အတွဲ (၃)၊ အမှတ် (၁၁)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ ထုတ်ဝေဖြန့်ချိလိုက်ရာ ဂျာနယ်တွင် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအရ ရင်းနှီးမြှုပ်နှံသူများအား ဦးစားပေးလုပ်ကိုင်ရန်အားပေးမည့်လုပ်ငန်းများကို ဘယ်လိုသတ်မှတ်ထားသလဲနှင့် ဂျပန်နိုင်ငံတွင် အမြင့်၃၃ပေကျော် ဆူနာမီရေလှိုင်းကြီး ဝင်ရောက်၊ ဂျပန်နိုင်ငံသမိုင်းကြောင်းတစ်လျှောက် အကြီးမားဆုံး ဆုံးရှုံးမှုကြီးဖြစ်ပေါ် မျက်နှာဖုံးအထူးဆောင်းပါးများ၊ ပြည်ပပညာရေး ဈေးကွက်၌ ပုဂ္ဂလိက ကျောင်းများ၏ ပြိုင်ဆိုင်မှုပိုမိုကြီးမားပြင်းထန် မျက်နှာဖုံး ဆောင်းပါးနှင့် (၄၈)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲစတင်၊ ကျောက်စိမ်းအတွဲ၁၆၉၂၆တွဲ၊ ကျောက်မျက်အတွဲ ၂၀၆ တွဲ၊ ပုလဲအတွဲ ၂၅၅တွဲ ရောင်းချမည်၊ ငါးသလောက်မျိုးမသုဉ်းရေး ဥချချိန်နှင့် သားပေါက်ချိန်ကာလ ဖမ်းဆီးခြင်းရှောင်ရှား၊ သတ်မှတ်ချက် ၁၀ ချက် လိုက်နာရန် လိုအပ် မျက်နှာဖုံးသတင်းများ၊ မောင်သိန်းညွန့်(ကော့ကရိတ်)၊ ထက်ခေါင်၊ နေဇင်လတ်၊ ပြည်စိုး၊ ရဲဇော်၊ မအေးဆေးတို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

သတင်းစုံလင်

ထို့အပြင် ATM ငွေထုတ်ကတ်စနစ် အသုံးပြုနိုင်ရန် ပုဂ္ဂလိကဘဏ်များ ကြိုတင်ပြင်ဆင်ထားသင့်၊ မက်ခ်ဝဲလ်အင်တာနက်ဖုန်းတွင် Volp နှင့် FAX ဝန်ဆောင်မှုထပ်မံရရှိမည်၊ လျှောင်လှုပ်နိုင်ခြေရှိမရှိ ကြိုတင်ထုတ်ပြန်နိုင်မည်၊ အထူးစီးပွားရေးစက်မှုဇုန်၌ ရင်းနှီးမြှုပ်နှံရန် တောင်ကိုရီးယားကုမ္ပဏီများ ပိုမိုစိတ်ဝင်စား၊ လူတန်းစားမရွေးမိုဘိုင်းလ် ဖုန်းသုံးစွဲနိုင်ရေး SIM card စနစ် ဆက်လက်ဆောင်ရွက်သွားမည်၊ သေဆုံးသဘော်သားများ အာမခံလျော်ကြေး ဖေဖော်ဝါရီအတွင်း ကျပ် ၂၇၅ သိန်းပေးလျော် စသည့်သတင်းများ စုံလင်စွာ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

မတ် ၅ရက်က ရန်ကုန်မြို့ Western Park Royal ၌ ကျင်းပသော ထားဝယ်အသင်း နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ထားဝယ်အသင်းဥက္ကဋ္ဌ ဦးခင်စိုးက တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် မလွင်နန္ဒာထွန်းအား ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်ချီးမြှင့်စဉ်။ (ပညာရေး)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၁၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၆၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း ၃၉ လမ်းထောင့် Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ဖြန့်ချိ

မြန်မာနိုင်ငံက ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်မည်၊ မြန်မာနှင့်သီရိလင်္ကာ တိုက်ရိုက်လေကြောင်း ပျံသန်းမည်၊ မြန်မာ့ပထမဆုံး နေရောင်ခြည်စွမ်းအင်သုံး ပုဂ္ဂလိကဆေးရုံကြီး မကြာမီဖွင့်တော့မည်၊ ရန်ကုန်မြို့လျှပ်စစ်ဓာတ်အားပေးဝေမှုကို မြေအောက်ကြိုးများဖြင့် အစားထိုးပြောင်းလဲသွားမည်၊ မြန်မာ-ပါကစ္စတန် တိုက်ရိုက်လေကြောင်းလိုင်း မကြာမီပျံသန်းတော့မည်၊ ရဲလေး၊ ထွန်းထွန်း၊ ဂျောက်ဂျက်တို့နှင့် လတ်တလောတွေ့ဆုံခြင်း၊ အာဆီယံယဉ်ကျေးမှု ဖိတ်ခေါ်ပြိုင်ပွဲတွင် မာရီနာက အကောင်းဆုံး Talent ဆုရရှိ၊ ဓာတ်ဆီကို ဝယ်ယူခွင့်စာအုပ်ဖြင့်သာ ရောင်းချပေးလျက်ရှိ၊ နာမည်ကျော်နာရီဆိုင်ကြီး၌ ကျပ်သိန်း ၂၆၀ တန်နာရီ ခိုးယူခံရ၊ F-27 အမျိုးအစား လေယာဉ်ကိုယ်ထည်များ ဝယ်ယူနိုင်၊ ဂျပန်ငလျင်နှင့် ဆူနာမီတို့ကို ကြုံတွေ့ခဲ့ရသည့် မြန်မာအနုပညာရှင်များ၏ ကိုယ်တွေ့ပြောပြချက်များ၊ အရပ် ၂၂ လက်မသာရှိသော ဖိလစ်ပိုင်နိုင်ငံသား ကမ္ဘာ့အရပ်အပုဆုံးဖြစ်တော့မည်၊ မိမိချမ်းသာကြွယ်ဝမှု သုံးပုံတစ်ပုံကို လှူဒါန်းခဲ့သဖြင့် ကမ္ဘာ့အချမ်းသာဆုံးနေရာမှ ဘီလ်ဂိတ်ဆင်းပေးခဲ့ရ၊ နိုင်ငံရေးအတွက် လှူဒါန်းငွေဒေါ်လာ ၃၀၀၀ခန့် လက်ခံမိခဲ့၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီး နုတ်ထွက်ခဲ့ရ၊ ၁၁ နှစ်အရွယ် ကျောင်းသူလေး အိုင်ကျူ ၁၆၂ အထိရှိ၊ ရှေးဟောင်းဥက္ကာခဲ သုံးခုတွင် အခြားကမ္ဘာမှ သက်ရှိတို့၏ လက္ခဏာရပ်များတွေ့ရှိ၊ နာဇီတစ်ဦးကို သူရဲကောင်းတစ်ဦးအဖြစ် မှားယွင်းဖော်ပြမိသော ရေးသားထုတ်ဝေသူ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရ၊ ကမ္ဘာ့ပဉ္စမမြောက် အပြင်းထန်ဆုံး ငလျင်ကြီးနှင့် မဟာဆူနာမီတို့ကြောင့် ဂျပန်တွင် နျူကလီးယားစက်ရုံများပေါက်ကွဲ စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိ လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

တာဝေးအပြေးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်နှင့် လူငယ်မျိုးဆက်သစ် တာဝေးအပြေးသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ပူးပေါင်း၍ ၁၅ကီလိုမီတာ အပြေးပြိုင်ပွဲများကို မတ် ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

တစ်ပြိုင်နက်ကျင်းပ

အဆိုပါပြိုင်ပွဲကို ရန်ကုန်၊ မန္တလေး၊ မကွေး၊ မြစ်ကြီးနား၊ ပုသိမ်၊ မုံရွာ၊ တောင်ကြီး၊ လားရှိုး၊ ဘားအံ၊ ပဲခူးနှင့် မော်လမြိုင်စသည့် မြို့ကြီး ၁၁မြို့တွင် တစ်ပြိုင်နက်ကျင်းပသွားမည်ဖြစ်ပြီး ဆုကြေးများအဖြစ် ပထမ ငွေကျပ် တစ်သိန်း၊ ဒုတိယ ငွေကျပ် ခုနစ်သောင်းခွဲ၊ တတိယ ငွေကျပ် ငါးသောင်း၊ စတုတ္ထ ငွေကျပ် သုံးသောင်း၊ ပဉ္စမ ငွေကျပ် နှစ်သောင်းနှင့် ဆဋ္ဌမ ငွေကျပ် တစ်သောင်းတို့ ချီးမြှင့်သွားမည်ဖြစ်သည်။

လက်ရွေးစင်ရွေးချယ်

ယင်းပြိုင်ပွဲကို အဖွဲ့ချုပ် လက်ရွေးစင်ကစားသမားများမှအပ အသက် ၁၄နှစ်မှ ၂၀ကြားရှိ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလားအလာရှိသော ကစားသမားများကို အဖွဲ့ချုပ်လက်ရွေးစင်အဖြစ် ရွေးချယ်ကာ လေ့ကျင့်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ပြေးခုန်ပစ်အဖွဲ့ချုပ်)**

သာယာဝတီမြို့နယ် မြို့သာယာလှပရေးအတွက် မြေခင်းအလှဆောင်ရွက်ထားရှိမှုကို မတ် ၇ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဘော်လီဘောဒိုင်လူကြီးသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၇

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အသိအမှတ်ပြု ဘော်လီဘောဒိုင်လူကြီးသင်တန်းဖွင့်ပွဲကို မတ် ၁၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ဘော်လီဘောလေ့ကျင့်ရေးရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဦးသိန်းဝင်းက ဒိုင်လူကြီးသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး သင်တန်းသား ၂၂ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အရန်မီးသတ် သင်တန်းဆင်း

တမူး မတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်၏ အရန်မီးသတ် မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဆင်းပွဲအခမ်းအနားကို တမူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မတ် ၁၁ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီထွေးက အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သူသင်တန်းသားများအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ သင်တန်းတွင် သင်တန်းသား ၆၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းတက္ကသိုလ် စာသင်ခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို မတ် ၁၀ရက် နံနက်က ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၃) ဦးမျိုးအောင်လင်းက မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေပါ လမ်းအသုံးပြုသူများ လိုက်နာရမည့် အချက်အလက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောစဉ်။ (ကညန)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၇

မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ် (၇၀)ကို ဖြန့်ချိလိုက်သည်။

စိတ်ကြွပီကေသကြားလုံးတွေပြီးတော့ စိတ်ကြွကော်ဖီမစ်ပေါ်လာပြန်ပြီ၊ ဂျပန်နိုင်ငံ၏ ၁၉၉၀ပြည့်နှစ်နောက်ပိုင်း အဖျက်စွမ်းအားကြီးမားလွန်းလှသော ငလျင်နှင့်ဆူနာမီသတင်းဝေဝေဆာဆာ၊ ဒေါက်တာဦးထွန်းလွင်နှင့် ငလျင်အကြောင်းတစေ့တစောင်း၊ ဂျပန်မြေငလျင်ကြောများနှင့် မြန်မာမြေငလျင်ကြောများဆက်စပ်မှုမရှိ၊ ဒေါက်တာနေဇင်လတ်၏ မှန်ကန်သောဖြစ်တည်မှုနှင့် မရှိမပဋိပဒါ၊ ဝေဟင်ကိုစိုးမိုးမယ့်လေယာဉ်မယ်များ မြန်မာ့လေကြောင်းမှခေါ်ယူ၊ ကမ်းနားလမ်းသစ်စီမံကိန်းဆောက်လုပ်ရာမှ ရှေးမြန်မာတို့၏ အမြောက်ကြီးတစ်လက်ကို တူးဖော်ရရှိ၊ ဒရယ်လူးကျေးရွာတွင် လူသတ်ဓားပြတိုက်ခဲ့သည့် အမျိုးသမီးနှစ်ဦးအပါအဝင် ကျူးလွန်သူ ၁၀ဦးအား သေဒဏ်အပြစ်ပေးလိုက်ပြီ၊ တန်ပိုယာဉ်များ မူလအတိုင်းတင်ဆောင်ရန် ကင်းလွတ်ခွင့်ပြု၊ ငါးသိန်းတန်ဖုန်းမလျှောက်နိုင်သူများအတွက် တစ်ခါသုံး GSM ကတ်များပြန်လည်ရောင်းချပေးမည်၊ ကားလမ်းမပေါ်တွင် ဓာတ်ဆီထုတ်၍ ရောင်းချနေခြင်း တွေ့ရှိပါက ဒဏ်ငွေကျပ်ခုနစ်သောင်း ပေးဆောင်ရမည်၊ နှစ်ပေါင်း ၁၄၀ အတွင်း ဂျပန်နိုင်ငံ၌ အဆိုးရွားဆုံးဖြစ်ပေါ်ခဲ့သော ဆူနာမီရေလှိုင်းကြီးအကြောင်း ဂျပန်နိုင်ငံရောက် မြန်မာများနှင့် မေးမြန်းခြင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးမှုများကို ပြည်သူများက သဘောကျနှစ်ခြိုက်၊ ဆူနာမီကြောင့် မက္ကဆီကိုကမ်းခြေသို့ ငါးများအစုအပြုံလိုက်ရောက်ရှိ၊ အစ္စရေးနိုင်ငံက အကြီးစား စစ်ဆင်ရေးများ ပြုလုပ်ရန် ပြင်ဆင်နေပြီ စသည့်နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

အင်းစိန် အလက(၄)မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

၁၉၇၂ခုနှစ်မှ ၂၀၁၁ခုနှစ်အတွင်း အလက(၄)အင်းစိန်၌ ပညာသင်ကြားပေးခဲ့သော အငြိမ်းစားအသက် ၆၀ပြည့်ပြီးသည့် ဆရာ ဆရာမကြီးများအား မတ် ၂၇ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်ရာ မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကန်တော့ခံဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုပါက ဆရာကြီးဦးခင်မောင်ဝင်း(နာယက) ဖုန်း-၀၉-၇၃၀၇၅၈၃၊ ဒေါက်တာသန်းနိုင် ဖုန်း-၀၉-၇၃၁၀၉၁၃၆၊ ဦးသက်ဆွေဦး ဖုန်း-၀၉-၇၃၀၇၆၂၆၂၊ ဒေါ်မေမြတ်နွယ် ဖုန်း-၀၉-၅၀၂၅၉၇၃၊ ၆၄၂၆၄၃၊ ဒေါ်ယဉ်မင်းအေး ဖုန်း-၆၄၃၅၀၅၊ ဒေါ်စန်းစန်းဝင်း ဖုန်း-၆၄၅၂၄၅၊ ဒေါ်ငွေငွေဝင်း ဖုန်း-၆၄၁၁၄၂၊ မဝင့်မမငွေ ဖုန်း-၀၉-၇၃၀၂၁၃၁၇ နှင့် မခိုင်ခိုင်ထွန်း ဖုန်း-၀၉-၇၃၀၂၁၅၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(၀၁၇)*

ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၇

MMDC (MYANMAR MOLECULAR & DIAGNOSTIC CENTER) နှင့် LUDU (MOLECULAR & DIAGNOSTIC CENTER) တို့ ပူးပေါင်း၍ ကျန်းမာရေးဟောပြောပွဲကို မတ် ၁၃ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ရှိ Traders Hotel ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အသည်းရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာသံစစ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပါမောက္ခဒေါက်တာရဲမြ (Dr. Rai Mra) က Genomics-Haematology, HIV နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပါမောက္ခဒေါက်တာ ဦးဝင်းနိုင်က Changing Concepts in HCV Management With New Therapies နှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြကာ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

MMDC (MYANMAR MOLECULAR & DIAGNOSTIC CENTER) သည် မော်လီကျူလာ ဓာတ်ခွဲစမ်းသပ်မှု သီးသန့်ဆောင်ရွက်ပေးနေသည့် ဓာတ်ခွဲခန်းတစ်ခုဖြစ်သည်။

LUDU (MOLECULAR & DIAGNOSTIC CENTER) ကို မန္တလေးမြို့၌ ယခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ်ခဲ့ကာ မော်လီကျူလာ ဓာတ်ခွဲစမ်းသပ်မှုများကိုဆောင်ရွက်၍ အထွေထွေရောဂါ စမ်းသပ်စစ်ဆေးမှုများကိုလည်း စစ်ဆေးပေးလျက်ရှိသည်။ အဖြေလွဲမှားမှု မရှိစေရန်အတွက် Barcode စနစ်ကို အသုံးပြုခြင်း၊ Patients Data များကို Computer Software များကို အသုံးပြု၍ စနစ်တကျ ထိန်းသိမ်းထားခြင်းများကို ဆောင်ရွက်ပေးနေသော ဓာတ်ခွဲခန်းများဖြစ်သည်။

MMDC သည် အသည်းရောင် အသားဝါ ဘီပိုး၊ စီပိုး၊ HIV ပိုးတို့၏ ပိုးကောင် အရေအတွက်ကို တိုင်းတာပေးခြင်း (Viral Load Detection)၊ ပိုးအမျိုးအစား(Genotyping)၊ ဆေးတိုးမတိုး စစ်ဆေးခြင်း (Drug Sensitivity Testing)များကို ပြုလုပ်ပေးနေသည့် အဆင့်မြင့်ဓာတ်ခွဲခန်းဖြစ်ပြီး တီဘီ၊ သွေးလွန်တုပ်ကွေးစသည့်ရောဂါတို့ကိုလည်း စစ်ဆေးပေးနေပြီဖြစ်သည်။ ဓာတ်ခွဲစမ်းသပ် စစ်ဆေးလိုပါက MMDC ဖုန်း-၀၁-၃၇၄၆၇၇၆နှင့် LUDU ဖုန်း-၀၁-၂၂၀၁၄၀တို့သို့ ဆက်သွယ်စစ်ဆေးနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကျိုက်ထိုမြို့နယ် ပြည်သူ့ဈေးမီးဘေးကာကွယ်ရေးအတွက် မတ် ၁၂ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ လက်တွေ့သရုပ်ပြ လေ့ကျင့်နေမှုကို မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးစောရွှေ၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးတင်ထွေးတို့ ကြီးကြပ်ဆောင်ရွက်ရာသို့ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဗျားနီ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်လတ် မြို့မဈေးကြီး မီးဘေးကာကွယ်ရေးအတွက် ရေစင်တည်ဆောက်ခြင်းနှင့်ရေပိုက်များ သွယ်တန်းခြင်းလုပ်ငန်းကို မတ် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးသူဈေးသားများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဒေါ်ဇာခြည်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျုံပျော်မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၃ ရက်က သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်ဥက္ကဋ္ဌဦးရဲဝင်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်း၊ ဈေးများလုံခြုံမှု စစ်ဆေးရေးအဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ငပုတောမြို့နယ် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့၊ ဈေးအရန်မီးသတ်တပ်ဖွဲ့၊ ဈေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မတ် ၇ ရက်က သရုပ်ပြလေ့ကျင့်နေမှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ် မြို့မဗဟိုဈေးကြီး မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းထိုက် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အနောက်မြောက်ဘက် ၂ မိုင် ၄ ဖာလုံခန့်အကွာ သပြေတောင်အရှေ့မြောက် ဥပုသ်တောရကျောင်း ကုန်းကြောပေါ်ရှိ မြင့်မားထွတ်မြတ်သော ကုန်းတော်ထက်၌ တည်ထားကိုးကွယ်ပူဇော်ထားသော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ကြည်ညိုသပ္ပာယ်စွာ ဤသို့ ဖူးမြင်နိုင်သည်။

❖ *ကျောဖုံးမှ*

ကြွားကြွားဝင့်ဝင့်

ကောင်းကင်ပြာပြာနောက်ခံတွင် ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့်ဖြင့် သပ္ပာယ်လှစွာသော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသည် ဖူးမြင်ရသူတိုင်း၏ စိတ်သဏ္ဍာန်ကို အေးငြိမ်းမှု(သန္တိသုခ) ပေးစွမ်းနိုင်ပါပေ၏။ ဥပ္ပါတသန္တိစေတီတော်ဆိုသည်မှာ ဖြစ်ပေါ်လာတတ်သည့် ဘေးဥပဒ်အန္တရာယ် အသွယ်သွယ်တို့ကို ငြိမ်းအေးစေသည့် စေတီတော်ဟု အဓိပ္ပာယ်ရသည် မဟုတ်ပါလား။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူ ပြည်သူများသည် ရှေးဘိုးစဉ်ဘောင်ဆက်ကပင် ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်ကိုးကွယ် ဆည်းကပ်ခဲ့ကြပြီး သာသနာတော် အဓွန့်ရှည်စွာ စည်ပင်ပြန့်ပွားအောင် သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည်။ နိုင်ငံတစ်ဝန်းတွင် လက်ညှိုးညွှန်မလွဲ တွေ့မြင်ရသော ဘုရားကျောင်းကန် စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများသည် ခေတ်အဆက်ဆက်ထွန်းလင်းတောက်ပခဲ့သည့် မြတ်ဗုဒ္ဓ၏ သာသနာတော်ကို ဖော်ညွှန်းပြသလျက်ရှိသည်။

လမ်းညွှန်မှုပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် နေပြည်တော်ကို နိုင်ငံတော်၏ မြို့တော်အဖြစ် တည်ဆောက်ရာတွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန်လည်းကောင်း၊ နိုင်ငံတော်သူ နိုင်ငံတော်သား၊ ကမ္ဘာသူကမ္ဘာသားသတ္တဝါအများ ကုသိုလ်တရား တိုးပွားစေရန်ရည်သန်၍ အစိုးရနှင့် ပြည်သူတို့ သဒ္ဓါထက်သန်စွာ စုပေါင်းပါဝင်လှူဒါန်းမှုဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို တင့်တယ်သပ္ပာယ်စွာ တည်ထား ကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲသည် နေပြည်တော်ရှိ ရဟန်းရှင်လူ ပြည်သူများအား ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရဘိသကဲ့သို့ ဖူးမြော်နိုင်ရန်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဉာဏ်တော်ထက် တစ်ပေသာလျှော့၍ ဉာဏ်တော်အမြင့် ၃၂၅ ပေရှိ ရွှေတိဂုံပုံတူစေတီတော်ကြီးကို တည်ထားကိုးကွယ်ရန် လမ်းညွှန်မှုပေးခဲ့သည်။

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အနောက်မြောက်ဘက် ၂ မိုင် ၄ ဖာလုံခန့်အကွာရှိ သပြေတောင်အရှေ့မြောက် ဥပုသ်တောရကျောင်း ကုန်းကြောပေါ်ရှိ မြင့်မားထွတ်မြတ်သော ကုန်းတော်ထက်၌ ဥပ္ပါတသန္တိစေတီတော်ကို တည်ထားကိုးကွယ် ပူဇော်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကုန်းတော်ကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဖောဓိတစ်ထောင်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တနာရဒနှင့် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တသဒ္ဓိယဆရာတော်တို့ထံ ဩဝါဒခံယူပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဩဝါဒခံယူ

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော ရဟန်းရှင်လူပြည်သူအပေါင်း ဘေးဥပဒ်အန္တရာယ်အသွယ်သွယ် ကင်းဝေးစေပြီး ကောင်းကျိုးချမ်းသာကျက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေရန် ရည်ရွယ်လျက် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်မှုလုပ်ငန်းများကို နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ ဖောဓိတစ်ထောင်ဆရာတော်နှင့် ရွှေသုဝဏ်ဆရာတော်တို့အား အမှူးထား၍ ဩဝါဒခံယူပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

'ဥပ္ပါတ' ဖြစ်ပေါ်တွေ့ကြုံလာသည့် ဘေးအန္တရာယ်အားလုံးကို 'သန္တိ'ငြိမ်းအေးစေခြင်းဟူ၍ အနက်အဓိပ္ပာယ်ကိုရယူကာ ဥပ္ပါတသန္တိစေတီတော်ဟူ၍ လည်းကောင်း၊ စေတီတော် တည်ထားသည့် ကုန်းတော်ကို ဥပ္ပါတသန္တိကုန်းတော်ဟူ၍လည်းကောင်း ပူဇော်သမုတ်ခဲ့ခြင်းဖြစ်သည်။ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို နေပြည်တော်၏ အလယ်ဗဟိုတောင်ညွှန့် တောင်ကုန်းထိပ်ပေါ်တွင် တည်ဆောက်ပူဇော်ထားသည့်အတွက် လွန်စွာသပ္ပာယ်၊ တင့်တယ်ရှုမောဖွယ်ရာဖြစ်၍ ဖူးမြင်ရသူ ရဟန်းရှင်လူပြည်သူအပေါင်းတို့မှာ ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ်တရားများ များစွာတိုးပွားဖွယ် ဖြစ်ပေသည်။

ချမ်းသာအမျိုးမျိုး

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဘုရားရှင်ပွင့်တော်မူရာ အိန္ဒိယသမ္မတနိုင်ငံမှ ပင့်ဆောင်ခဲ့သော ဂေါတမဘုရားရှင်၏ သရီရိကဓာတ်တော်စစ်(၆)ဆူ၊ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှပင့်ဆောင်ခဲ့သော စွယ်တော်မြတ်ပွား တစ်ဆူနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်ခဲ့သော စွယ်တော်မြတ်ပွားတစ်ဆူ တို့ကို ဌာပနာသွင်းပူဇော်ထားသည်ဖြစ်ရာ ဤစေတီတော်မြတ်ကြီးကို ပူဇော်ကြရသော လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့အတွက် သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရဘိသကဲ့သို့ပင် အသချေ်ယျအပ္ပမေယျ= မရေတွက်အပ်၊ မရေတွက်နိုင်၊ မနှိုင်းယှဉ်အပ်၊ မနှိုင်းယှဉ်နိုင်သောလောကီလောကုတ္တရာချမ်းသာအမျိုးမျိုးကို ရရှိနိုင်ပေသည်။

ဥပ္ပါတသန္တိစေတီတော်ကြီး၏ ထူးခြားချက်များမှာ ကုန်းတော်ပေါ်တွင် အရံစေတီအပါအဝင် အခြားအာရုံခံတန်ဆောင်းနှင့် ဓမ္မာရုံများ တည်ဆောက်ထားမှု မရှိခြင်း၊ အတွင်းဘက်တွင် အမြင့် ၇၃ ပေ မြင့်သော ပရိသတ်(၁၀၀၀၀) ဆံ့သည့် လိုဏ်ပါရှိခြင်းနှင့် လိုဏ်အတွင်း၌ ဉာဏ်တော် ၃ ပေ ၆ လက်မရှိ ကျောက်စိမ်းဆင်းတုတော်လေးဆူတို့အား ထည့်သွင်းပူဇော်ထားခြင်းပင် ဖြစ်သည်။

မြန်မာ့ဗိသုကာ လက်ရာမွန်များဖြင့် ဆောက်လုပ်ထားသော သာသနာ့မဟာဗိမာန်တော်ကြီးကို တွေ့ရစဉ်။

စေတီတော်၏ ဝတ္တကမြေ အကျယ်အဝန်းသည် ၁၅၇ ဒသမ ၁၉ ဧကကျယ်ဝန်းပြီး တည်ထားကိုးကွယ်သည့် ကုန်းတော်အလယ်ဗဟိုသည် မြောက်လတ္တီတွဒ် (၁၉) ဒီဂရီ(၄၆)မိနစ်(၅၈ ဒသမ ၈) စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်(၉၆) ဒီဂရီ(၁၀)မိနစ်(၅၈ ဒသမ ၈)စက္ကန့်၊ ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ ၅၁၉ ဒသမ ၇၆၁ ပေတွင် တည်ရှိသည်။

ရွှေထီးတော်တင်လှူ

ဥပ္ပါတသန္တိစေတီတော်ကြီးကို ၂၈-၇-၂၀၀၆ ရက်တွင် မြေသန့်မဟာမင်္ဂလာပြုလုပ်၍ စတင်တည်ဆောက်ခဲ့ရာ ၇-၃-၂၀၀၉ ရက်တွင် ရွှေထီးတော်တင်လှူပြီးစီးခဲ့သည်။ စေတီတော်ကြီး တည်ဆောက်ရာတွင် မြန်မာ့ရိုးရာရှေးထုံးစဉ်လာမပျက် ခေတ်အဆက်ဆက်လက်ခံယုံကြည် လိုက်နာခဲ့ကြသော ပုဂံခေတ်၊ စစ်ကိုင်းခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ သာသနာဝင်ကျမ်း၊ အင်းဝခေတ် ရွှေဥမင်ဆရာတော်နှင့် တောင်ဖီလာဆရာတော်တို့၏ ဌာပနာပုံကျမ်း၊ ကုန်းဘောင်ခေတ် ဗိသုကာကျမ်းနှင့် သတ္တာရူပဝိကသနီကျမ်း၊ လွတ်လပ်ရေးခေတ် မြန်မာ့ရိုးရာပဋိမာ သိပ္ပံမုဒြာကျမ်း အစရှိသော ကျမ်းဂန်စာပေများနှင့်အညီ နဝမင်္ဂလာကမ္မဟူသော မဟာမင်္ဂလာသဘင်အခမ်းအနား(၉)မျိုးတို့ကို မင်္ဂလာတော်အချိန်များဖြင့် ပြည့်စုံစွာဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ခဲ့ရာတွင် ၂၈-၇-၂၀၀၆ ရက်၌ အန္တရာယိက မြေသန့်မဟာမင်္ဂလာ၊ ၄-၈-၂၀၀၆ ရက်၌ ပန္နက်တော်တင် တွင်းတော်ဝန်းမဟာမင်္ဂလာ၊ ၈-၂-၂၀၀၇ရက်၌ ရတနာအုတ်မြစ်စီ မဟာမင်္ဂလာ၊ ၉-၂-၂၀၀၉ရက်၌ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာ၊ ၇-၉-၂၀၀၉ ရက်၌ အထက်ဌာပနာတော်သွင်း ထီးတော်တင်မဟာမင်္ဂလာ၊ ၈-၃-၂၀၀၉ရက်၌ ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တင်လှူခြင်းမဟာမင်္ဂလာ၊ ၉-၃-၂၀၀၉ ရက်၌ ကြာသပိတ်၊ ရွှေကြာသင်္ကန်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာတို့ပင်ဖြစ်သည်။

မွမ်းမံပူဇော်

ဥပ္ပါတသန္တိစေတီတော်ကြီး၏ လိုဏ်အတွင်း၌ သစ္စာလေးပါး သရုပ်ဖော် မြန်မာမှုကြေးသွန်းလက်ရာ မျက်နှာကြက်များ၊ ဖွား၊ ပွင့်၊ ဟော၊ စံ ကျောက်ထွင်းပန်းချီများနှင့် ရွှေဇဝါယွန်း မျက်နှာကြက်တို့ဖြင့် သပ္ပာယ်စွာ မွမ်းမံပူဇော်ထားသည်။ ဖွား၊ ပွင့်၊ ဟော၊ စံ ကျောက်ထွင်း ပန်းချီများကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စကျင်တောင်၌ ထုလုပ်ခဲ့ခြင်းဖြစ်ပြီး ကျောက်ထွင်းဗုဒ္ဓဝင်ပန်းချီကားတစ်ချပ်သည် အလျား ၁၆ ပေ၊ အနံ ၁၁ပေ၊ အထူ ၁၇ လက်မဖြစ်ပြီး ဗုဒ္ဓဝင်ပြခန်း (၂၄) ခန်းစလုံးကို စကျင်ကျောက်ဖြင့် ထွင်းထုထားခြင်းဖြစ်သည်။

ထို့အပြင် စေတီတော်ကြီး၏ လိုဏ်အတွင်းတွင် မြန်မာ့တွင်းထွက် ကျောက်စိမ်းရတနာများဖြင့် ထုလုပ်ထားသော ကျောက်စိမ်းရုပ်ပွားတော်လေးဆူ(မဟာမဏိမယကဿပဗုဒ္ဓပဋိမာ၊ မဟာမဏိမယကောဏာဂမနဗုဒ္ဓပဋိမာ၊ မဟာမဏိမယကကုသန္ဓဗုဒ္ဓပဋိမာနှင့် မဟာမဏိမယဂေါတမဗုဒ္ဓပဋိမာ)ကို ပူဇော်ထားရှိသည်။ ဥပ္ပါတသန္တိစေတီတော်ကြီးသည် ဓာတုစေတီနှင့် ဂန္ဓကုဋိတိုက်ကျောင်း နှစ်မျိုးလုံး၏ အဓိပ္ပာယ်များကို ဖော်ဆောင်လျက်ရှိသည်။

အင်္ဂါရပ်အစုံအလင်

ဥပ္ပါတသန္တိစေတီတော်ကြီး တည်ဆောက်ရာတွင် စေတီတော် ပရိဝုဏ် အရှေ့တောင်ထောင့်တွင် ၁၀၈ ပေ အမြင့်ဆောင်သည့် တံခွန်တိုင်တော်၊ စောင်းတန်း(၄)သွယ်နှင့် လိုဏ်တော်အဝင် မုခ်ဦးတော်ကြီး (၄)ဆောင်၊ စေတီတော်အောင်မြေ၊ ဓာတ်လှေကားနှစ်စင်း၊ စေတီတော်

ခြင်းမဟာမင်္ဂလာ၊ ၉-၃-၂၀၀၉ ရက်၌ ကြာသပိတ်၊ ရွှေကြာသင်္ကန်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာတို့ပင်ဖြစ်သည်။

မွမ်းမံပူဇော်

ဥပ္ပါတသန္တိစေတီတော်ကြီး၏ လိုဏ်အတွင်း၌ သစ္စာလေးပါး သရုပ်ဖော် မြန်မာမှုကြေးသွန်း လက်ရာ မျက်နှာကြက်များ၊ ဖွား၊ ပွင့်၊ ဟော၊ စံ ကျောက်ထွင်း ပန်းချီများနှင့် ရွှေဇဝါယွန်း မျက်နှာကြက်တို့ဖြင့် သပ္ပာယ်စွာ မွမ်းမံ ပူဇော်ထားသည်။ ဖွား၊ ပွင့်၊ ဟော၊ စံ ကျောက်ထွင်း ပန်းချီများကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး မြို့နယ် စကျင်တောင်၌ ထုလုပ်ခဲ့ခြင်းဖြစ်ပြီး ကျောက်ထွင်းဗုဒ္ဓဝင် ပန်းချီကားတစ်ချပ်သည် အလျား ၁၆ ပေ၊ အနံ ၁၁ပေ၊ အထူ ၁၇ လက်မဖြစ်ပြီး ဗုဒ္ဓဝင်ပြခန်း (၂၄) ခန်းစလုံးကို စကျင်ကျောက်ဖြင့် ထွင်းထုထားခြင်းဖြစ်သည်။

ထို့အပြင် စေတီတော်ကြီး၏ လိုဏ်အတွင်းတွင် မြန်မာ့တွင်းထွက် ကျောက်စိမ်းရတနာများဖြင့် ထုလုပ်ထားသော ကျောက်စိမ်းရုပ်ပွားတော်လေးဆူ(မဟာမဏိမယကဿဖဗုဒ္ဓပဋိမာ၊ မဟာမဏိမယကောဏာဂမနဗုဒ္ဓပဋိမာ၊ မဟာမဏိမယကကုသန္ဓဗုဒ္ဓပဋိမာနှင့် မဟာမဏိမယဂေါတမဗုဒ္ဓပဋိမာ)ကို ပူဇော်ထားရှိသည်။ ဥပ္ပါတသန္တိစေတီတော်ကြီးသည် ဓာတုစေတီနှင့် ဂန္ဓကုဋိတိုက်ကျောင်း နှစ်မျိုးလုံး၏ အဓိပ္ပာယ်များကို ဖော်ဆောင်လျက်ရှိသည်။

အင်္ဂါရပ်အစုံအလင်

ဥပ္ပါတသန္တိစေတီတော်ကြီး တည်ဆောက်ရာတွင် စေတီတော် ပရိဝုဏ် အရှေ့တောင်ထောင့်တွင် ၁၀၈ ပေ အမြင့်ဆောင်သည့် တံခွန်တိုင်တော်၊ စောင်းတန်း(၄)သွယ်နှင့် လိုဏ်တော်အဝင် မုခ်ဦးတော်ကြီး (၄)ဆောင်၊ စေတီတော်အောင်မြေ၊ ဓာတ်လှေကားနှစ်စင်း၊ စေတီတော်

ရင်ပြင်နှင့် မဟာရံတံတိုင်း၊ စေတီတော်ပတ်လည်မြေထိန်းနံရံတို့ကို ထည့်သွင်း တည်ဆောက်ထားပြီး ပန်းတည်ခုံ ခိုတောင်ပန်းခက်များ၊ စေတီတော်ကြီး၏ ကြည်ညိုသပ္ပာယ် ဖွယ်အချိုးအစားနှင့် ပစ္စယာသဏ္ဍာန်ညီ ကျည်းဝန်းတော်၊ ခေါင်းလောင်းတော်၊ ၎င်းအထက် သပိတ်မှောက်တော် ပတ်လည်ရှိ ပန်းဆွဲရုပ်ကြွများ၊ ထက်-အောက်အချိုးညီ စိုက်စီထားသည့် ကြာနု၊ ကြာလှန်၊ ကြာမှောက်၊ ရွဲလုံးများ၊ ကိုယ်လုံးတော်နှင့် အချိုးညီ တင့်တယ်လှသော ငှက်ပျောဖူးတော်နှင့် ဖောင်းရစ်များ၊ မြန်မာ့မကိုဋ်ပုံရွှေထီးတော်ဘုံဆင့်များ၊ အဖိုးတန်ကျောက်မျက်ရတနာမျိုးစုံတို့ဖြင့် စီခြယ်ထားသည့် ရတနာငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်အစရှိသော အင်္ဂါရပ် အစုံအလင်၊ လက္ခဏာကြီးငယ် အသွယ်သွယ်တို့ကို ဖူးမြင်ကြရမည် ဖြစ်သည်။

စေတီတော်မြတ်ကြီးနှင့်အတူ မဟာဆုတောင်းပြည့် ဘုရားကြီး ကိန်းဝပ်တော်မူရာ ဂန္ဓကုဋိကျောင်းဆောင်တော်မြတ်ကြီးနှင့် ဘုံ(၇)ဆင့် ပြာသဒ်တော်၊ ဝိသုံဂါမရွှေသိမ်တော်၊ စေတီယပါလစံကျောင်း၊ သံဃာရာမအဆောင် (၄) ဆောင်၊ သာသနာ့မဟာဗိမာန်တော်ကြီး၊ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်၊ ဂေါပကရုံး၊ ရှင်ဥပဂုတ္တကျောင်းဆောင်တော်နှင့် မာလိနီမင်္ဂလာရေကန်တော်၊ ဗောဓိညောင်ဥယျာဉ်တော်အစရှိသည့် သာသနိကအဆောက်အအုံ များတွင်လည်း မြန်မာမှုအနုပညာလက်ရာ ပန်း(၁၀) မျိုး ပညာရပ်များဖြင့် တန်ဆာဆင် တည်ဆောက်ထားသဖြင့် ဗုဒ္ဓဘာသာဝင် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများစုဝေးတည်ရှိရာ ''မြန်မာ့ပန်း(၁၀)မျိုး အနုပညာပြတိုက်ကြီး'' ဟု ဆိုပါကလည်း မမှားနိုင်ချေ။

ကြည့်ရှုလေ့လာနိုင်

ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်တွင် ရခိုင်ပြည်နယ်မှရရှိသော စတုတ္ထမြောက်ဆင်ဖြူတော်ရတနာဘဒ္ဒဝတီနှင့် ပဉ္စမမြောက်ဆင်ဖြူတော်ရတနာနန္ဒဝတီတို့သည် အဖော်ဆင်များနှင့်အတူ ပျော်ရွှင်စွာသွားလာနေထိုင်လျက်ရှိရာ ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများ ကြည့်ရှုလေ့လာနိုင်ကြမည်ဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်းလတွင် ကျင်းပလေ့ရှိရာ စေတီတော်ကြီး၏တောင်ဘက် ရာဇဌာနီလမ်းဘေးတွင် ၃၁ ဧကခန့် ကျယ်ဝန်းသော ပွဲတော်ကွင်းကြီးကို တည်ဆောက်ထားသည်။

ခမ်းနားသိုက်မြိုက်

တပေါင်းလပြည့်နေ့ မတ် ၁၉ ရက်တွင် ဥပ္ပါတသန္တိစေတီတော်ကြီး၏ သာသနာ့မဟာဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပပြီး ညနေပိုင်းတွင် စေတီတော်ပတ်လမ်း၌ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုန်းလက်ရုံးနှင့် ပြည့်စုံခဲ့ကြသည့် ရှေးမြန်မာဗုဒ္ဓဘာသာ သာသနာပြုမင်းအဆက်ဆက်တို့သည် စေတီပုထိုးများ တည်ထားကိုးကွယ်ကြခြင်းဖြင့် ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ရှေးမြန်မာမင်းများ၏ ကောင်းမှု အမွေများဖြစ်သည့် စေတီပုထိုးများကို ရွှေရောင်တဝင်းဝင်း ဖူးမြင်နိုင်ကြမည်ဖြစ်သည်။ ယင်းအချက်ကြောင့်ပင်လျှင် မြန်မာနိုင်ငံကို ရွှေရောင်လွှမ်းသော ရွှေနိုင်ငံဟု ကမ္ဘာ့အလယ်တွင် တင်စားခေါ်ဝေါ်ကြခြင်းပင် ဖြစ်ပေသည်။

ယခုအခါ ဗုဒ္ဓသာသနာတော်ကြီး နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပ တည်တံ့နေစေရေးအတွက် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူအပေါင်းက ကြိုးပမ်းလျက်ရှိကြသည်။ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသည် ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွားထွန်းကားစေရန်နှင့် ကမ္ဘာတည်သရွေ့ အစဉ်တည်တံ့နေစေရန်အတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်တစ်ရပ်ပင် ဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တန်ခိုးတော်ကြောင့် တိုင်းရင်းသားပြည်သူ အားလုံးတို့သည် စည်းလုံး ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ခိုင်မြဲခြင်း၊ စည်ပင်သာယာဝပြောခြင်း၊ တိုးတက်ခေတ်မီခြင်း စသော လောကီကောင်းကျိုးချမ်းသာ မင်္ဂလာများကိုသာမက လောကုတ္တရာကောင်းကျိုးချမ်းသာ မင်္ဂလာများကိုပါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သစ်ကြီးတွင် အစဉ်အမြဲ ရရှိခံစားနိုင်တော့မည်မှာ မလွဲဧကန်ပင် ဖြစ်ပါကြောင်း ရေးသားပူဇော်လိုက်ရပါသည်။ ။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်အတွင်းတွင် မြန်မာ့တွင်းထွက် ကျောက်စိမ်းရတနာများဖြင့် ထုလုပ်ပူဇော်ထားသော ကျောက်စိမ်းရုပ်ပွားတော်လေးဆူအနက်မှ တစ်ဆူအား ဖူးတွေ့ရစဉ်။

ရှင်ဥပဂုတ္တ ကျောင်းဆောင်တော်နှင့် မာလိနီမင်္ဂလာရေကန်တော်ကိုလည်း ဤသို့ တွေ့ရသည်။

ငလျင်နှင့် ဆူနာမီလှိုင်းဒဏ်သင့် ဂျပန်ပြည်သူများအတွက် အမေရိကန်ဒေါ်လာတစ်သိန်း ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၁၇

ဂျပန်နိုင်ငံ ဆန်းဒိုင်မြို့ တိုဟိုခုဒေသနှင့် ဂျပန်အရှေ့မြောက်ပိုင်းတို့၌ မတ် ၁၁ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်နှင့် ဆူနာမီလှိုင်းဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြသည့် ဂျပန်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ဂျပန်နိုင်ငံအစိုးရသို့ အလှူငွေ ပေးအပ်သည့်အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ညှိခန်းမ၌ ကျင်းပသည်။

ပြန်လည်ပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ငလျင်နှင့် ဆူနာမီဘေးသင့် ဂျပန်ပြည်သူများအတွက် စာနာထောက်ထားကြောင်း ပြောကြားပြီး အလှူငွေ အမေရိကန်ဒေါ်လာ တစ်သိန်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာတခရှိဆိုက်တိုးထံ ပေးအပ်ရာ (ယာပုံ) သံအမတ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံတွင် ဖြစ်ပွားနေသည့် မတော်တဆမှုများကြောင့် မြန်မာနိုင်ငံသို့ ဓာတ်ရောင်ခြည်ပျံ့လွင့်ရောက်ရှိနိုင်မှုအန္တရာယ် လွန်စွာနည်းပါး

မြန်မာနိုင်ငံတွင် ရွာသွန်းသည့် မိုးရေများ၌ ရေဒီယိုသတ္တိကြွပစ္စည်းများပါဝင်ခြင်း လုံးဝမရှိ

နေပြည်တော် မတ် ၁၇

၂၀၁၁ ခုနှစ် မတ် ၁၁ ရက်က ဂျပန်နိုင်ငံအရှေ့မြောက်ဘက် ကမ်းခြေရှိ Sendai မြို့အနီး၌ ပြင်းအားရစ်ချ်တာစကေး ၉ ဒသမ ၀ ရှိ မြေငလျင်လှုပ်ရှားမှုဖြစ်ပွားခဲ့ပြီး အမြင့် ၁၀ မီတာရှိသော ဆူနာမီလှိုင်းများကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ ၎င်းမြေငလျင်နှင့် ဆူနာမီတို့၏ အကျိုးသက်ရောက်မှုကြောင့် ဂျပန်နိုင်ငံရှိ အဏုမြူဓာတ်ပေါင်းဖိုအချို့တို့တွင် နျူကလီးယားဆိုင်ရာ ဘေးအန္တရာယ်ကျရောက်မှု အကျပ်အတည်းများနှင့် ရင်ဆိုင်နေရကြောင်း သိရှိရသည်။

လွန်စွာနည်းပါး

သက်ဆိုင်ရာပညာရှင်များ၏ အဆိုအရ နျူကလီးယားဓာတ်ပေါင်းဖို မတော်တဆမှုများနှင့် အလွန်နီးကပ်သောဒေသများတွင် ရေဒီယိုသတ္တိကြွမှု အန္တရာယ်ရှိသည်မှန်သော်လည်း နျူကလီးယားဓာတ်အားပေးစက်ရုံမှ အကွာအဝေး ၂၀ ကီလိုမီတာ (၁၂ ဒသမ ၅ မိုင်ခန့်) ကျော်လွန်သွားပါက အများပြည်သူအတွက် အန္တရာယ်အဆင့်မရှိတော့ကြောင်း၊ သို့ပါ၍ ဂျပန်နိုင်ငံတွင် ဖြစ်ပွားနေသည့် မတော်တဆမှုများကြောင့် မိုင်ထောင်ပေါင်းများစွာဝေးကွာသည့် မြန်မာနိုင်ငံသို့ ဓာတ်ရောင်ခြည်ပျံ့လွင့်ရောက်ရှိနိုင်မှုအန္တရာယ် လွန်စွာနည်းပါးကြောင်း သိရှိရသည်။

ဂျပန်နိုင်ငံ အဏုမြူဓာတ်ပေါင်းဖိုမတော်တဆမှုကြောင့် မြန်မာနိုင်ငံတွင်းသို့ ရေဒီယိုသတ္တိကြွပစ္စည်းများ ဝင်ရောက်လာပါက သိရှိနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ရွာသွန်းသည့်မိုးရေတွင် ရေဒီယိုသတ္တိကြွပစ္စည်းများပါဝင်ခြင်း ရှိ မရှိ စောင့်ကြည့် တိုင်းတာစမ်းသပ်စစ်ဆေးလျက်ရှိကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ရွာသွန်းသည့် မိုးရေများ၌ ရေဒီယိုသတ္တိကြွပစ္စည်းများပါဝင်ခြင်း လုံးဝမရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုကျိုမြို့ရှိ မြန်မာသံရုံးက ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံသားများအားလုံး၏ ကောင်စစ်ဆိုင်ရာကိစ္စရပ်များ ကူညီဆောင်ရွက်ပေးလျက်ရှိ

ငလျင်ဘေးဒဏ်နှင့် နောက်ဆက်တွဲဖြစ်စဉ်များကြောင့် အန္တရာယ်မကျရောက်စေရန်အတွက် ဆက်လက်ကူညီပေးသွားမည်

နေပြည်တော် မတ် ၁၇

ဂျပန်နိုင်ငံ၌ မတ် ၁၁ ရက်တွင် ဖြစ်ပေါ်ခဲ့သော ငလျင်သည် ဂျပန်နိုင်ငံသမိုင်းတွင် နှစ်ပေါင်း ၁၄၀အတွင်း အပြင်းထန်ဆုံးငလျင်ဖြစ်သည်။ အဆိုပါ ငလျင်ကြောင့် တိုကျိုမြို့ရှိ မြန်မာနိုင်ငံသံရုံး ငါးထပ်အဆောက်အအုံမှာ ကွဲအက်မှုရှိခဲ့ပြီး အနည်းငယ်ပျက်စီးခဲ့ရာ အန္တရာယ်မရှိစေရန် တတိယထပ်မှ ရုံးခန်းများကို ဒုတိယထပ်သို့ ပြောင်းရွှေ့ခဲ့ရသည့်အတွက် ထိုနေ့က နေ့တစ်ဝက်ခန့် ရုံးပိတ်ခဲ့ရကြောင်း၊ ဤရက်များတွင် ပိတ်ရက်မရှိ သံရုံးကို ဖွင့်လှစ်ထားပြီး ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံသားများအားလုံး၏ ကောင်စစ်ဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဂျပန်နိုင်ငံမှ လောလောဆယ် ပြန်လည်ထွက်ခွာလိုသည့် မြန်မာနိုင်ငံသားများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ငလျင်ဘေးဒဏ်နှင့် နောက်ဆက်တွဲဖြစ်စဉ်များကြောင့် အန္တရာယ်မကျရောက်စေရန်အတွက် ဆက်လက်၍ကူညီပေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၁၇ ရက်စွဲဖြင့် သတင်းတစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၇

မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ (၄၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် လာရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြပွဲကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင် ဒေါက်တာရဲမြင့်ဆွေတို့က (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနှင့် ပြည်ပ ကျောက်စိမ်းကုန်သည်ကြီးများအသင်းများမှတာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့တွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည် (၈၆၇၂) ဦး လာရောက်ကြ၍ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး မတ် ၁၄ ရက်မှ စတင်လျက် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ယနေ့အထိ ကျောက်စိမ်းအတွဲပေါင်း (၁၀၈၇၀)တွဲကို ရောင်းချနိုင်ခဲ့ကာ ကျောက်စိမ်းအတွဲများကို မတ် ၁၈ ရက်အထိ တင်ဒါစနစ်ဖြင့် လည်းကောင်း၊ မတ် ၁၉ ရက်မှ ၂၂ ရက်အထိ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ဆက်လက်ရောင်းချသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၈-၃-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ ဦးတည်ချက် (၁၂)ရပ်
- ၈:၁၅ ၁၃။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄:၂၅ ၇။ **မြန်မာစာ မြန်မာစကား** အပိုင်း-(၉)
- ၄:၃၀ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၉။ လျှပ်တစ်ပြက်
- ၄:၄၅ ၁၀။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၅ ၁၁။ အိုင်စီတီသုတ
- ၅:၀၀ ၁၂။ ကြိုတင်တားဆီး ရန်သူမီး
- ၅:၂၅ ၁၃။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၄။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ** (အပိုင်း-၂)
- ၆:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၆။ အမျိုးသားရေးတေးကဗျာ
- ၆:၁၅ ၁၇။ **ရှာ** ဟာသဇာတ်လမ်းတွဲ
- ၆:၄၅ ၁၈။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၂၀)
- ၈:၀၀ ၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၁။ အမျိုးသားရေးတေးကဗျာ
- ၂၂။ ဦးတည်ချက် (၁၂)ရပ်
- ၂၃။ နိုင်ငံတကာသတင်း
- ၂၄။ မိုးလေဝသသတင်း
- ၂၅။ သံစဉ်များနှင့်ကမ္ဘာ
- ၂၆။ စိုက်ပျိုးသုတ
- ၂၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း-၁၈)
- ၃၀။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

ဖျာပုံမြို့နယ် အမာမြို့ နေသူရိန်လမ်း လမ်းပေါက်ဖာပြုပြင်ခြင်းလုပ်ငန်းကို မတ် ၁ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇေယျာလင်းနှင့် မြို့တာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (ဝမ၆)

နေပြည်တော် မဟာသကြ်န် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၁၇

၂၀၁၁ခုနှစ် နေပြည်တော် မဟာသကြ်န် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ခုနှစ် ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ Royal Myanmar ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် မြို့တော်ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင်အသင်းအားလုံး တစ်ကွင်း တစ်ရက်စီဖြင့် ရက်အလိုက် သုံးရက်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ်ကွင်းအလိုက် ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဥ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက် ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော် မဟာသကြ်န် Tour Gold Cup ဖလားနှင့် အသင်းဝင် အားကစားသမား တစ်ဦးချင်းကိုလည်း ရွှေသားရုပ်တု တစ်ဆုစီနှင့် ငွေကျပ် ၁၀ သိန်းစီအပြင် ဒုတိယဆုရရှိသည့် အသင်းအား တစ်ဦးချင်း ငွေသားရုပ်တု တစ်ဆုစီနှင့် ငွေကျပ် ၇ သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံး အားကစားသမားအား ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀ သိန်း၊ ဒုတိယ ဆုရရှိသည့် အားကစားသမားအား ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၇ သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်း တစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမားနှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျော့ပေးသတ်မှတ်ချက် (Handicap Zero) ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်း ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက် အားကစားသမားများ၏ အမည် စာရင်းကို ဧပြီ ၈ ရက် နောက်ဆုံးထား၍ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဖုန်း-၀၆၇-၄၁၄၆၁၇၊ ၄၁၄၂၈၉နှင့် ၄၁၄၇၅၃(Fax) တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဇမ္ဗူသီရိမြို့နယ်၌ မီးလောင် အလုပ်သမားတဲ ကိုးလုံး မီးလောင်ဆုံးရှုံးခဲ့

နေပြည်တော် မတ် ၁၇

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ အလုပ်သမားတဲစုတစ်စု၌ မတ် ၁၃ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားပြီး အလုပ်သမားတဲ ကိုးလုံးခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း မီးလောင်မှု ဖြစ်စဉ်များတွင်လည်း ပေါ့ဆမီးကြောင့် မီးလောင်ကျွမ်းမှုမှာ မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၇၇ ဒသမ ၅၇ ရာခိုင်နှုန်းခန့်ပါဝင်သဖြင့် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး သတိထားကြရန် လိုအပ်ကြောင်း မီးသတ်ဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

မိုးရေချိန်စံချိန်သစ်

နေပြည်တော် မတ် ၁၇

မတ် ၁၇ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်းများ၌ မတ်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ကြောင်း သိရသည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ဘားအံ	၆၈	၂.၆၈	၄၆	၁.၈၁	၂၆-၃-၂၀၀၀	၄၄
၂။	မော်လမြိုင်	၆၀	၂.၃၆	၄၉	၁.၉၃	၁-၃-၁၉၉၉	၅၈
၃။	ကျိုက္ခမီ	၅၈	၂.၂၈	၄၆	၁.၈၁	၂၄-၃-၁၉၉၉	၂၈
၄။	ဖျာပုံ	၅၃	၂.၀၉	၁၄	၀.၅၅	၃၁-၃-၂၀၀၃	၉
၅။	ခရမ်း	၅၃	၂.၀၉	၄၀	၁.၅၇	၁၈-၃-၂၀၀၉	၂၇
၆။	မင်္ဂလာဒုံ	၄၆	၁.၈၁	၄၄	၁.၇၃	၂၈-၃-၁၉၉၄	၆၃

ဥတုရာသီ တောကိုမှီ

မြို့ပြအင်ဂျင်နီယာဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

နိုင်ငံတကာအတွေ့အကြုံ ဗဟုသုတရှာမှီးလိုသူ မြို့ပြအင်ဂျင်နီယာများအတွက်ရည်ရွယ်ပြီး စင်ကာပူမြို့ပြအင်ဂျင်နီယာဆိုင်ရာအတွေ့အကြုံ ဟောပြောပွဲကို စင်ကာပူနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော ဝါရင့်မြန်မာအင်ဂျင်နီယာများက မတ် ၁၉ ရက် (စနေနေ့) နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြည်လမ်း ၆ မိုင်ခွဲရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (IBC)၌ ဆွေးနွေးဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဦးဇင်ဦး ဖုန်း-၀၉-၅၁၀၇၂၆၅၊ ဦးသန်းဝင်း (သိန်းသန်းဆန်းကုမ္ပဏီ) ဖုန်း-၀၉-၅၀၁၇၄၂၅၊ ပိုင်အိုးနီးယား ဖုန်း-၆၅၂၈၃၁နှင့် ဦးလတ်အောင် ဖုန်း-၅၅၃၃၄၄ တို့ထံသို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်သည်။ **(မြန်မာ့အလင်း)**

အောက်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၁၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့အောက် ၈ ဒီဂရီစင်တီဂရိတ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်အောက် ၉ ဒီဂရီစင်တီဂရိတ်မှ ၁၈ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မတ် ၁၈ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **ကျန်မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အထက်တန်းကျောင်းစာစစ်ဌာန
ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၇

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်မျိုးမင်းသည် ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ရောက်ရှိပြီး ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရုံးခန်း၌ ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် တွေ့ဆုံကာ စာမေးပွဲရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ မိမိဆောင်ရွက်ရမည့်တာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီးသည် စာမေးပွဲဖြေဆိုမည့်အခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းမှုများ

၁၇-၃-၂၀၁၁

နေပြည်တော်(ပျဉ်းမနား)	၀ ဒသမ ၁၆ လက်မ
နေပြည်တော်(လယ်ဝေး)	၀ ဒသမ ၁၆ လက်မ
ဘားအံမြို့	၂ ဒသမ ၆၈ လက်မ
မော်လမြိုင်မြို့	၂ ဒသမ ၃၆ လက်မ
ကျိုက္ကမီမြို့	၂ ဒသမ ၂၈ လက်မ
ဖျာပုံမြို့	၂ ဒသမ ၀၉ လက်မ
ခရမ်းမြို့	၂ ဒသမ ၀၉ လက်မ
ဘီးလင်းမြို့	၁ ဒသမ ၉၇ လက်မ
လောင်းလုံမြို့	၁ ဒသမ ၉၃ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၁ ဒသမ ၈၁ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၁ ဒသမ ၈၁ လက်မ

သမိုင်းသုတေသနဦးစီးဌာနက ခေတ်ရေစီးထဲက ပုဂ္ဂိုလ်များ အတ္ထုပ္ပတ္တိစာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၇

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနသည် မြန်မာသမိုင်း သုတေသန စာစောင်များ၊ သုတေသနပြု၍ ရေးသားပြုစုထားသော စာအုပ်များကို စဉ်ဆက်မပြတ် ထုတ်ဝေလျက်ရှိရာ ယခု ခေတ်ရေစီးထဲက ပုဂ္ဂိုလ်များစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

လေ့လာမှတ်သားနိုင်

ယခုခေတ်ရေစီးထဲက ပုဂ္ဂိုလ်များစာအုပ်၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များကို တိုတိုနှင့်လိုရင်းရောက်အောင် ကိုယ်ရေးသမိုင်းအကျဉ်း ပုံစံဖြင့် ပြုစုရေးသားထားသည်။ ယနေ့နိုင်ငံတော်သည် စနစ်သစ်အုပ်ချုပ်ရေးဖြင့် သမိုင်းတစ်ခေတ်ကူးပြောင်းလျက်ရှိရာ သမိုင်းတစ်ကွေ့တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့၌ ထင်ရှားခဲ့သည့် ပုဂ္ဂိုလ်များ၏ သိသင့်သည့်အချက်အလက်များကို ခေတ်သစ်စနစ်သစ်တွင် ပခုံးပြောင်း တာဝန်ယူ ပွဲကိုင်မည့်သူများနှင့် မျိုးဆက်သစ်လူငယ်များ လေ့လာမှတ်သားနိုင်ရန် ပြုစုခြင်းဖြစ်သည်။

ခေတ်ရေစီးထဲက ပုဂ္ဂိုလ်များ စာအုပ်သည် စနစ်သစ်အုပ်ချုပ်ရေးကို ပွဲကိုင်မည့်သူများနှင့် မျိုးဆက်သစ်လူငယ်များအတွက် ရည်ရွယ်ပြုစုထားသော်လည်း မြန်မာပြည်သူတိုင်း၊ အတ္ထုပ္ပတ္တိစာပေ လေ့လာလိုသူတိုင်း၊ သမိုင်းလေ့လာသူနှင့် သမိုင်းပညာရပ်ကို ဝါသနာထုံသူတိုင်းအတွက်လည်း မရှိလျှင်မဖြစ် လက်ဝယ်ရယူထားရမည့် စာအုပ်ဖြစ်သည်။

ဆက်သွယ်မှာယူ

၎င်းစာအုပ်ကို သမိုင်းသုတေသနဦးစီးဌာနက ဖြန့်ချိ၍ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနဦးစီးဌာန၏ စာအုပ်အရောင်းဆိုင်နှင့် နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန ရုံးအမှတ်(၃၅)တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၅၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ထို့အပြင် နေပြည်တော် ရုံးအမှတ်(၃၅) ဖုန်း ၀၆၇-၄၀၈၃၈၄ နှင့် ၄၀၈၃၄၄ နှင့် ရန်ကုန်မြို့ အမျိုးသားပြတိုက် သမိုင်းသုတေသန ဦးစီးဌာန ဖုန်း ၀၁-၃၉၅၁၉၀ နှင့် ၃၉၅၁၉၂ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

သမိုင်းသုတေသနဦးစီးဌာနက ထုတ်ဝေခဲ့သည့် မြန်မာသမိုင်း သုတေသန စာစောင်များနှင့် စာအုပ်များကိုလည်း အထက်ပါလိပ်စာများအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း နိုင်ငံတကာသတင်း နိုင်ငံတကာသတင်း

နယူးကာဆယ်ကမ်းခြေ၌ အမျိုးသမီးတစ်ဦး ငါးမန်းကိုက်ခံရ

လန်ဒန် မတ် ၁၇

ဗြိတိန်နိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ် နယူးကာဆယ်မြို့မြောက်ဘက် နယ်လ်ဆင်ပင်လယ်အော် ကမ်းခြေ အနီးတွင် ဩစတြေးလျအမျိုးသမီးတစ်ဦး ငါးမန်းတစ်ကောင်၏တိုက်ခိုက်မှုကို ခံခဲ့ရကြောင်း ဗြိတိန်မီဒီယာများက မတ် ၁၇ ရက်၌ ဖော်ပြသည်။ **(ဓာတ်ပုံ)**

အသက် ၂၄ နှစ်အရွယ်ရှိ ယင်းအမျိုးသမီးသည် ကမ်းခြေအနီး ရေလွှာရှပ်တိုက်လျှောစီးနေစဉ် ငါးမန်းတစ်ကောင်၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရပြီး ရေအောက်သို့ ဆွဲချခြင်းခံခဲ့ရသည်။ ယင်းနောက် ငါးမန်းနှင့် လုံးထွေး တိုက်ခိုက်နေစဉ် သူမ၏ရေလွှာရှပ်တိုက်လျှောစီးမှုကို ရှေ့မှဆွဲပေးနေသော ရေယာဉ်မှဝန်ထမ်းများက ပြန်လည် ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။

သူမသည် ငါးမန်းကိုက်ခံရမှုကြောင့် ဦးခေါင်း၊ ပခုံး၊ လည်ပင်းနှင့်လက်နှစ်ဖက်တို့တွင် ဒဏ်ရာများ ပြင်းထန်စွာ ရရှိခဲ့သည်။ ယခုအခါ ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိပြီး အသက်အန္တရာယ် စိုးရိမ်ရဖွယ် ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ကနေဒီအာကာသစခန်းဒုံးပျံလွှတ်စင်ပေါ်မှ အင်ဂျင်နီယာ တစ်ဦး ပြုတ်ကျသေဆုံး

ကိတ်ကာနေဗယ် မတ် ၁၇

အမေရိကန် နိုင်ငံ ဖလော်ရီဒါ ပြည်နယ်ရှိ ကနေဒီ အာကာသယာဉ် လွှတ်တင်ရေးစခန်းတွင် အာကာသယာဉ်လွှတ်တင်သည့် ဒုံးပျံလွှတ်စင်ပေါ်မှ ပြုတ်ကျ ခဲ့မှုကြောင့် အင်ဂျင်နီယာတစ်ဦး မတ် ၁၅ ရက်က သေဆုံးသွားခဲ့ကြောင်း နာဆာက မတ် ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။**(ယာပုံ)**

ဂျိမ်းဗာနီဗာ အမည်ရှိ အင်ဂျင်နီယာသည် ကနေဒီအာကာသယာဉ် လွှတ်တင်ရေးစခန်း ဒုံးပျံလွှတ်စင် ၃၉-အေတွင် လာမည့် ဧပြီ ၁၉ ရက်၌ လွှတ်တင်ရန် စီစဉ်ထားသည့် အင်ဒဲဗား အာကာသယာဉ်ကို ပြင်ဆင်မှုများ ပြုလုပ်နေစဉ် မတော်တဆ ပြုတ်ကျခဲ့ခြင်းဖြစ်သည်။ ဒုံးပျံလွှတ်စင်ပေါ်မှ ဂျိမ်းဗာနီဗာ ပြုတ်ကျချိန်မှာ မတ် ၁၅ ရက် နံနက် ၇ နာရီခွဲက ဖြစ်သည်။

ထိုသို့ မတော်တဆ ပြုတ်ကျသေဆုံးမှုကို စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရရှိသော သတင်းအချက်အလက်များကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နာဆာသည် နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ လာမည့်ဧပြီတွင် အင်ဒဲဗားအာကာသယာဉ်နှင့် ဇွန်လတွင် အတ္တလန္တစ်အာကာသယာဉ်တို့ကို နောက်ဆုံးအနေဖြင့် လွှတ်တင်သွားရန် စီစဉ်ထားသည်။ **(ရိုက်တာ)**

နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း

ရီးရဲမက်ဒရစ်နှင့်ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တက်ပြီ

မက်ဒရစ် မတ် ၁၇

ချန်ပီယံလိဂ်ပွဲစဉ်များကို မတ် ၁၇ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်က လိုင်ယွန်အသင်းကို သုံးဂိုးပြတ်နှင့် အနိုင်ရရှိပြီး ချယ်လ်ဆီးနှင့် ကိုပင်ဟောဂင်အသင်းတို့ပွဲတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သော်လည်း ချယ်လ်ဆီးတို့ နှစ်ကျော့ပွဲရလဒ်ဖြင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

၂၀၀၄ ခုနှစ်နောက်ပိုင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ ပထမဆုံး တက်ရောက်နိုင်ခဲ့သော ရီးရဲမက်ဒရစ်အသင်းသည် အိမ်ကွင်း၌ လိုင်ယွန်အသင်း ဂိုးပေါက်ကို အကြိမ်များစွာ ခြိမ်းခြောက်ကာ ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်၌ တိုက်စစ်တွင် ဘင်ဇီမာကို အထောင်ထားပြီး ခါဒီရာ၊ အိုးဇေးလ်၊ ဒီမာရီရာ၊ စီရိုနယ်ဒိုတို့က ဝိုင်းရံထိုးဖောက်ကစားခဲ့သည်။ လိုင်ယွန်ကလည်း တိုက်စစ်တွင် ဒီလ်ဂါဒို၊ လိုပက်ဇ်၊ ဘရင်းနှင့်တိုလာလန်တို့ အားကိုယူကာ ရီးရဲမက်ဒရစ် ခံစစ်ကြောင်းကို ထိုးဖောက်ရန် ကြိုးစားခဲ့သည်။

ပွဲချိန် ၃၇ မိနစ်၌ ရီးရဲမက်ဒရစ်မှ မာစီလိုက လိုင်ယွန်ဂိုးဧရိယာအတွင်း နောက်ခံလူများကို လိမ်ခေါက်ကျော်ဖြတ်ကာ ဂိုးသွင်းခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ အဖွင့်ဂိုးရရှိသွားသည်။ လိုင်ယွန်တို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း အပိုင်ကန်သွင်းမှု အခွင့်အရေးနည်းပါးခဲ့သလို တိုက်စစ်မှူးများ၏ ကန်ချက်များ လွဲချော်နေခဲ့သဖြင့် ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့သည်။

ရီးရဲမက်ဒရစ်အတွက် ၆၆ မိနစ်၌ ဘင်ဇီမာကတစ်ဂိုး၊ ပွဲချိန် ၇၆ မိနစ်၌ ဒီမာရီရာကတစ်ဂိုး သွင်းယူခဲ့သဖြင့် လိုင်ယွန်တို့ ချေပဂိုးမသွင်းနိုင်ဘဲ သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ ရီးရဲမက်ဒရစ်သည် နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး-တစ်ဂိုးဖြင့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

ခြောက်ကြိမ်မြောက်

ချယ်လ်ဆီးနှင့် ကိုပင်ဟောဂင်တို့ပွဲ **(အောက်ပုံ)**တွင် ချယ်လ်ဆီးက တိုက်စစ်တွင် အနယ်လ်ကာနှင့် ဒရော့ဂ်ဘာတို့ အတွဲကို တင်ထားခဲ့ပြီး ကွင်းလယ်တွင် လမ်းပတ်၊ မီခေးလ်၊ ဇိုင်ရာကော့ဗ်တို့ကို နေရာချခဲ့သည်။ ချယ်လ်ဆီးတို့ ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း တိုက်စစ်မှူးများ ကန်ချက်မမှန်မှုနှင့် ဆန္ဒစောနေမှုတို့ကြောင့် ဂိုးမရရှိခဲ့ပေ။ ပွဲချိန် ၆၈မိနစ်၌ အနယ်လ်ကာအစား တောရက်စ်၊ ဇိုင်ရာကော့ဗ် အစား မာလူဒါ၊ မီခေးလ်အစား အက်စီယံတို့ကို အစားထိုးကစားစေခဲ့သော်လည်း ရလဒ် မပြောင်းလဲနိုင်သဖြင့် ဂိုးမရှိ သရေပွဲ ဖြစ်ခဲ့ရသည်။ သို့သော် ချယ်လ်ဆီးတို့ နှစ်ကျော့ပေါင်း ရလဒ် နှစ်ဂိုး-ဂိုးမရှိဖြင့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံလိဂ် ဘောလုံးရာသီ ရှစ်ရာသီ အတွင်း ခြောက်ကြိမ်မြောက် ကွာတားဖိုင်နယ်သို့ တက်ရောက်ခြင်းလည်း ဖြစ်သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ - ရေးသားသည်

ကျိုက်ထိုမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၁၇

ကျိုက်ထို မြို့နယ်အသင်း (ရန်ကုန်)၏ (၅၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့ထူး ဂုဏ်ထူးရသူများအား ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားလမ်း (တောင်ဘက်မုခ်)ရှိ ရန်ကုန်မြို့တော် စည်ပင်ခမ်းမရုံ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်

အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ရန်နှင့် အသက်(၇၅)နှစ်အထက် ဘိုးဘွားများနှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော အသင်းဝင်များ၏ သားသမီးများ အမည်စာရင်းကို မတ် ၂၀ရက်နောက်ဆုံးထား၍ နာယက ဦးပြုံး ဖုန်း-၂၄၆၅၃၀၊ နာယက ဒေါ်မျိုးမြင့်အေး ဖုန်း-၂၉၁၅၇၃၊ ဥက္ကဋ္ဌ ဦးစိုးနိုင် ဖုန်း-၀၉-၇၃၀-၁၉၆၅၇၊ ဘဏ္ဍာရေးမှူး ဒေါ်နွဲ့ရီ ဖုန်း-၀၉-၉၂၄၅၇၀၊ စည်းရုံးရေးမှူး ဒေါ်တင်မြင့်မင်း (ကံရာဇာ) ဖုန်း-၅၂၆၂၃၇ နှင့် အတွင်းရေးမှူး ဖုန်း-၀၉-၇၃၁-၁၂၃၇၄ တို့ထံသို့ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (၀၁၅)

မီး အစဉ်သတိပြု

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ကြို့ပင်ကောက်မြို့နယ် ကသဲတန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မတ် ၈ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်နိုင်နှင့်အဖွဲ့ မတ် ၁၀ရက်က ဘူးသီးတောင်မြို့နယ် ဥက္ကာပုံလမ်း တံတားအမှတ်(၂) တည်ဆောက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငပုတောမြို့နယ် ပမ္မဝတီလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၇ ရက်က အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်အေးထွေး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့နယ် ဆေးရုံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို မတ် ၁၂ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြေယာရှုခင်း ဆောင်ရွက်ထားရှိမှုနှင့် လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဒေါက်တာအောင်ဇော်ထွန်းအား ရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်နေ ဦးလှထွန်း (လှထွန်း-တွံတေး)-ဒေါ်ညွှန့်ညွှန့်သန်း၊ သားသမီးမြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (သတင်းစဉ်)

အစာဗေဒဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

MAT Professional Training & Services နှင့် Guardian Independent Certification Ltd.(UK) တို့ ပူးပေါင်း၍ အစားအစာသင်တန်း (Food Science) ကို မတ် ၂၀ ရက်(တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ အစားအသောက်ဖြန့်ဖြူးရောင်းချသော လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ စားသောက်ကုန်လုပ်ငန်းများနှင့် ဆက်စပ်နေသော လုပ်ငန်းများမှ Senior Management များ၊ Operation Staff များနှင့် အခြားစိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ ၎င်းသင်တန်းသို့ တက်ရောက်ခြင်းအားဖြင့် အစားအသောက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော လုပ်ငန်းများ၊ သိထားသင့်သော Good Manufacturing Practice (GMP)၊ အစားအသောက်များတွင် ထည့်သွင်း အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ ထုပ်ပိုးမှုနှင့် သက်ဆိုင်သော စံချိန်စံညွှန်းများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးလမ်းညွှန်မှုများ၊ အစားအသောက်ထုတ်လုပ်မှုနှင့် သိုလှောင်မှုဆိုင်ရာ စံညွှန်းများ အစရှိသည်တို့ကို လေ့လာနိုင်မည် ဖြစ်သည်။

MAT Professional Training & Services ၌ Food Science သင်တန်းများအပြင် ISO သင်တန်းများ၊ Corporate သင်တန်းများ၊ Marketing သင်တန်းများနှင့် Auditing သင်တန်းများကို လစဉ် ပို့ချလျက်ရှိကြောင်း၊ ကုမ္ပဏီများ ISO လက်မှတ်ရရှိရေးအတွက် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် LCCI, CAT, ACCA နှင့် ABE သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိကြောင်း။

ဆက်သွယ်စုံစမ်းနိုင်

စိတ်ပါဝင်စားသူများအနေဖြင့် MAT Professional Training & Services ဖုန်း-၂၄၆၆၁၈၊ ၂၄၂၄၃၁နှင့် www.matprofessional.com တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဇီဝလုံခြုံမှုဆိုင်ရာ ဘားအံ၌ဆွေးနွေး

ဘားအံ မတ် ၁၆

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စီးပွားဖြစ် မွေးမြူရေးခြံများအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ဇီဝလုံခြုံမှုဆိုင်ရာ ဆွေးနွေးပွဲကို မတ် ၁၀ရက်နံနက် ၈ နာရီက ကရင်ပြည်နယ် ဘားအံမြို့ မွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဦးစီးမှူး ဒေါက်တာညဏ်လင်း (ယာပုံ)က ဝက်နားရွက်ပြာရောဂါအကြောင်းကိုပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါက်တာမြမြစမ်းက မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာနီနီမော်က ဇီဝလုံခြုံမှုဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မွေး/ကု)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်တို့ကို တွေ့ရစဉ်။

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုသဒ္ဒါပွားကြသည့် သာသနာ့ကျက်သရေဆောင် ဥပ္ပါတသန္တိစေတီတော်

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)

ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၇

ဆောင်းအကုန်၊ နွေအကူး မင်းလွင်မြူးသည့် မိန်ရာသီ လတပေါင်းသို့ ချင်းနင်းဝင်ရောက်၍ လာခဲ့ချေပြီ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တစ်ခွင်၌ တောပန်း၊ တောင်ပန်းတို့ အစီအရီ ဖူးပွင့်ကာ ကျေးငှက်သာရကာအပေါင်းတို့ကလည်း နွေဦးကို ကြိုဆိုလျက်ရှိလေသည်။

ကြည်ညိုဖွယ်

နေပြည်တော် ရာဇဌာနီလမ်းမကြီးပေါ်မှ မော်တော်ယာဉ်ဖြင့် ဖြတ်သန်းသွားတိုင်း မြင့်မားထွတ်မြတ်သော ကုန်းတော်ထက်ရှိ ကြည်ညိုဖွယ်ရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို လက်အုပ်ချီမိုး၍ ရှိခိုးကော်ရော်မိသည်ချည်းပင်။

စာမျက်နှာ ၈ ကော်လံ ၁ ❖

18-3 (20).pmd 1 3/18/2011, 2:17 AM